ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၃၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်**

**( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် )**

**[ ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၂.၈၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးငွေရယ်၊ ကယား(၇)၊ ကျန်းမာရေး။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ မိသားစုကိစ္စ။ ဒေါက်တာ ငွေးဝင်း၊ ဧရာဝတီ(၅)၊ ကျန်းမာရေး။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကျန်းမာရေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ကျန်းမာရေး။ ဦးထွန်းလွင်၊ ကချင်(၉)၊ ကျန်းမာရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ လူမှုရေးကိစ္စ။ ဦးရှုမောင်၊ ရှမ်း(၈)၊ ပြည်ပဆေးကုသ။ ဦးစိုးသက်၊ တနင်္သာရီ (၁)၊ ကျန်းမာရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ကော်မတီတာဝန်။ ဦးစောအောင်ကျော်နိုင် (ခေါ်)ရှားဘူးဖော့၊ ကရင်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ရှမ်းနှစ်သစ်ကူးပွဲတော်။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ငင်းအတိုင်း။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခမ်ဆွမ်းမုန်၊ ချင်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ ညောင်ကုန်းကျေးရွာ၊ တမည်းတောကျေးရွာအုပ်စု (၄)ရွာကို ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ယခု တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ကြီး က စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ ညောင်ကုန်းကျေးရွာ၊ တမည်းတောကျေးရွာအုပ်စု (၄)ရွာကို ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဗိုလ်မှူးမောင်မောင်ကြီး၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၂၁၃၀ ဗိုလ်မှူးမောင်မောင်ကြီး ပဲ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ တမည်းတောကျေးရွာ၊ ညောင်ကုန်းကျေးရွာ ကျေးရွာ (၄)ရွာအား ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်၏ မေးမြန်းတင်ပြချက်အား Power Point ဖြင့် မေးမြန်း တင်ပြခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာဟာ အိမ်ခြေ(၄၂၀)၊ လူဦးရေ (၂၇၁၄)ဦးရှိပြီး၊ ဇီးဖြူကုန်း ကျေးရွာဟာ အိမ်ခြေ(၁၃၀)၊ လူဦးရေ (၅၇၂)ဦးရှိပါတယ်။ ဒ့ါအပြင် တမည်းတောကျေးရွာဟာ အိမ်ခြေ(၅၆)၊ လူဦးရေ(၂၂၀)ဦးနဲ့ ညောင်ကုန်းကျေးရွာဟာ အိမ်ခြေ(၁၆၀)၊ လူဦးရေ(၉၁၇)ဦး စုစုပေါင်း ဒေါင့်ကြီးကျေးရွာအုပ်စု ရွာ(၄)ရွာဟာ အိမ်ခြေ(၇၆၆)နဲ့ လူဦးရေ(၄၈၂၀)ဦး တည်ရှိသော ကျေးရွာ အုပ်စုကြီးဖြစ်ပါတယ်။

ဒေါင့်ကြီးကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာနဲ့ ညောင်ကုန်းကျေးရွာ၊ တမည်းတောကျေးရွာစတဲ့ ရွာ(၄)ရွာဟာ တစ်ဆက်တစ်စပ်တည်း တည်ရှိတဲ့ ရွာပဲ ဖြစ်ပါတယ်။ ဒေါင့်ကြီးကျေးရွာနဲ့ အင်္ကုက္ကားကျေးရွာအကြားမှာ အရှည်(၂)မိုင်ခန့်ရှိတဲ့ ကိုယ်ထူကိုယ်ထ ကတ္တရာလမ်း ရှိပါတယ်။ အဲဒီကျေးရွာ ကတ္တရာလမ်းကို ၁၉၉၉ ခုနှစ်မှာ ယခင် ကမ်းရိုးတန်းဒေသ တိုင်းမှူးဖြစ်တဲ့ ဗိုလ်ချုပ်သူရ သီဟသူရ စစ်မောင် ဦးစီးပြီး ဖောက်လုပ်ခဲ့တဲ့ ကိုယ်ထူကိုယ်ထကတ္တရာလမ်းပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် ဒေါင့်ကြီး ကျေးရွာမှာ အလယ်တန်းကျောင်း (၁)ကျောင်း တည်ရှိပါတယ်။ ဒေါင့်ကြီးကျေးရွာမှာ အင်ကုကြား ကျေးရွာ ဓတ်အားစနစ်ဟာ ဓာတ်အားအနေနဲ့ (၃၃) KV၊ အင်္ကုက္ကားကျေးရွာမှာ (၃၃) KV ဓာတ်အားခွဲရုံ ရှိပါတယ်။ အဲဒီ ဓာတ်အားခွဲရုံဟာ ဒေါင့်ကြီးကျေးရွာ(၄)ရွာနဲ့ စုစုပေါင်းခန့်မှန်း (၂)မိုင်ခန့်သာကွာဝေးပါတယ်။ ဒ့ါအပြင် တန့်ဆည်မြို့ (5)MP ဓာတ်အားခွဲရုံဟာလည်း ဒေါင့်ကြီး ကျေးရွာ နဲ့ အင်္ကုက္ကား ကျေးရွာကို ပေးနေတဲ့ ဓာတ်အားခွဲရုံ ဖြစ်ပါတယ်။ အဲဒီ ဓာတ်အားခွဲရုံဟာ အင်္ကုက္ကားကျေးရွာထိအောင် (၂၄)နာရီ ရရှိ အသုံးပြုပေးနိုင်တဲ့ ဓာတ်အားခွဲရုံပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် အဆိုပါ (5)MP ဓာတ်အား ခွဲရုံဟာ လက်ရှိ ဝန်အားအဖြစ် အများဆုံးအသုံးပြုနိုင်တဲ့ မဂ္ဂါဝပ်ဟာ (၁)မဂ္ဂါဝပ်သာ အသုံးပြုတာ ဖြစ်တဲ့အတွက် ဝန်အားနိုင်နင်းမှုရှိတာကို တွေ့ရှိရပါတယ်။

ဒေါင့်ကြီးကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ ညောင်ကုန်းကျေးရွာနဲ့ တမည်းတောကျေးရွာစတဲ့ ရွာ(၄)ရွာမှာ ဆန်စပါး၊ မြေပဲ၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းစတဲ့ ဒေသထွက်ကုန်တွေ အများဆုံးထွက်ရှိတာကို တွေ့ရှိရပါတယ်။ အဲဒီ ကုန်ကြမ်းတွေကို ကုန်ချောအဖြစ် အဆင့်မြှင့်တင်နိုင်လို့ရှိရင်တော့ ဒေသခံ တောင်သူလယ်သမားများအတွက် စီးပွားရေး အခြေအနေ ပိုမိုမြင့်မားလာမှာ ဖြစ်ပါတယ်။ ဓာတ်အား

စနစ်မှ လျှပ်စစ်ဓာတ်အားကို ကျေးရွာ (၄)ရွာ အနေနဲ့ (၂၄)နာရီ ရရှိအသုံးပြုနိုင်လို့ရှိရင် ဒေသခံပြည်သူများအနေနဲ့ အဆင့်မြင့်မားလာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျောင်းသားလူငယ်များဟာလည်း ညအချိန် အလင်းရောင်ကောင်းစွာ ရရှိတဲ့အတွက် စာပေပညာတွေကိုလည်း ပိုမိုလေ့လာသင်ယူနိုင်မှာ ဖြစ်ပါတယ်။ ဒေါင့်ကြီးကျေးရွာနဲ့ ကျေးရွာ(၄)ရွာမှာ (၂၄)နာရီ ဓာတ်အားစနစ်ရရှိလို့ရှိရင် ရုပ်မြင်သံကြားတွေ ကြည့်ရှုနိုင်မယ်။ ဒါ့အပြင် ဖုန်းအားသွင်းခွင့်တွေ ရရှိနိုင်မယ်။ ဖုန်းအားသွင်းခွင့် ရရှိတဲ့အတွက် ဆက်သွယ်ရေး ခက်ခဲမှုတွေ ပြေလည်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အင်တာနက် သတင်းအချက်အလက်များကို ကြည့်ရှုနိုင်တဲ့အတွက် ဗဟုသုတပိုမိုရရှိပြီး ကျေးရွာနေ လူထုရဲ့ ဗဟုသုတ အခက်အခဲတွေ၊ သူတို့ရဲ့ လူနေမှု အဆင့်အတန်းတွေ ပိုမိုမြင့်လာမယ်ဆိုတာ သိရှိနိုင်ပါတယ်။

ဒေါင့်ကြီးကျေးရွာ အလယ်တန်းကျောင်းမှာ ကွန်ပျူတာများရှိသော်လည်း မီးစက်အသုံးပြုနေရတဲ့အတွက် တစ်ခါတစ်ရံမှသာ အသုံးပြုရတာ ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား ရရှိခဲ့လို့ရှိရင် ဆရာ/ဆရာမများနဲ့ ကျောင်းသူ/ကျောင်းသားများဟာ ၎င်းတို့ကို ကွန်ပျူတာပညာများ ကျွမ်းကျင်စွာ တတ်မြောက်နိုင်မှာ ဖြစ်ပါတယ်။ ဒေါင့်ကြီးကျေးရွာမှာ အဆိပ်ပြင်းတဲ့ မြွေများ ပေါများတဲ့ ဒေသဖြစ်ပါတယ်။ မကြာခဏဆိုသလိုပဲ မြွေဆိုးများအကိုက်ခံရ တာဖြစ်ပါတယ်။ အထူးသဖြင့် လယ်ယာရိတ်သိမ်းချိန်၌ မြက်များ၊ ကောက်ရိုးများ ရိတ်တဲ့အချိန်မှာ မကြာခဏဆိုသလို အကိုက်ခံရတာ ဖြစ်ပါတယ်။ အကယ်၍များ ဒေသခံပြည်သူတွေဟာ မြွေဆိုးအကိုက်ခံရလို့ရှိရင် (၆)မိုင်ခန့်ဝေးတဲ့ တန့်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးကို သွားရောက်ပြီးတော့ ဆေးကုသမှု ခံယူကြရတာ ဖြစ်ပါတယ်။

ဒေါင့်ကြီးကျေးရွာမှာ ကျေးလက်ဆေးပေးခန်းဌာနခွဲ (၁)ခုရှိပြီး၊ လျှပ်စစ်ဓာတ်အား မရရှိတဲ့အတွက် မြွေဆိပ်ဖြေဆေးများကို ကြိုတင်စုဆောင်းထားနိုင်မှု မရှိတာကို တွေ့ရှိရပါတယ်။ မြွေဆိပ်ဖြေဆေးများဟာ အအေးခန်းဖြင့် ထားရတဲ့ ဆေးဖြစ်တဲ့အတွက် လျှပ်စစ်ဓာတ်အား ရရှိလို့ရှိရင် မြွေဆိပ် ဖြေဆေးများကို ကြိုတင်စုဆောင်းထားနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မြွေဆိုးအန္တရာယ်နဲ့ ကြုံတွေ့လာလို့ရှိရင်လည်း အချိန်မီ ဆေးထိုးကုသပေးနိုင်မည် ဖြစ်တဲ့အတွက် ကျေးရွာလူထုရဲ့ အသက်အန္တရာယ်ကို ကြိုတင်ကာကွယ်ပေးနိုင်မှာပဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ တမည်းတောကျေးရွာနှင့် ညောင်ကုန်းကျေးရွာ အုပ်စု(၄)ရွာအား ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ရရှိခြင်းဖြင့် ကျေးရွာနေပြည်သူတို့၏ အခြေခံ လူမှုစီးပွားရေးဘဝ လိုအပ်ချက်ပြည့်ဝရေး မျှော်လင့်ချက်အား ပြည်ထောင်စုအစိုးရ ရန်ပုံငွေဖြင့် တည်ဆောက်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် မည်သည့် နှစ်ကာလ၌ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် အများပြည်သူတို့၏ အကျိုးငှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒေါင့်ကြီးကျေးရွာအုပ်စု ပိုင်းခြားထားသော မြင်ကွင်းပုံ (မ)

အကဲ့က္ကားရွာ ဓာတ်အားခွဲရုံ နှင့် တန့်ဆည်မြို့ ဓာတ်အားခွဲရုံ မြင်ကွင်းပုံ(မ-၁)

ဒေါင့်ကြီးကျေးရွာ စားသုံးဆီစက် လည်ပတ်နေသည့် မြင်ကွင်းပုံ(မ-၂)

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမော်သာထွေး ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမောင်မောင်ကြီး ရဲ့ ကြယ်ပွင့်ပြမေးခွန်း အပေါ်မှာ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး မေးထားတာကတော့ ဒေါင့်ကြီးကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ ညောင်ကုန်းကျေးရွာ၊ တမည်းတောကျေးရွာများအတွက် လျှပ်စစ်ဓာတ်အား ရရှိရေး အစီအစဉ်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်မှာ လျှပ်စစ်ဓာတ်အား ရရှိရေး စီမံချက်ဆိုပြီးတော့ ကျွန်တော်တို့ ရေးဆွဲဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အဲဒီလို ရေးဆွဲဆောင်ရွက်ထားတဲ့ လျှပ်စစ်ဓာတ်အား ရရှိရေး စီမံချက်ထဲမှာ ဒီရွာ(၄)ရွာဟာ အကွာအဝေးအရရော၊ ဘေးမှာရောက်နေတဲ့ လျှပ်စစ်ဆက်သွယ်မှု Connection အခြေအနေအရရော၊ သူနဲ့ အနီးဆုံးမှာ ရောက်နေတဲ့ လျှပ်စစ်မီးရဲ့ Transformer ရဲ့ အခြေအနေအရရော ဦးစားပေးထဲမှာ ပါရှိပါတယ်။ ဦးစားပေးထဲမှာ ပါရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်ကနေ ၂၀၁၉ ခုနှစ်အတွင်းမှာ ဆောင်ရွက်မယ့် (၅)နှစ် စီမံကိန်းထဲမှာ သူသည် ဦးစားပေးအဖြစ် ဆောင်ရွက်ရမယ့် ကျေးရွာ(၄)ရွာ ဖြစ်ပါတယ်ဆိုတဲ့အကြောင်း တင်ပြရင်းနဲ့ ကျွန်တော်နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ကံသာယာကျေးရွာရှိ လူနေအိမ်ခြေများအား ဂရန်မြေအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် က ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ကံသာယာကျေးရွာရှိ လူနေအိမ်ခြေများအား ဂရန်မြေအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုက်ကြီးမြို့နယ်၊ ကံသာယာကျေးရွာမှာရှိတဲ့ လူနေ အိမ်ခြေများအား ဂရန်မြေအဖြစ် သတ်မှတ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်း သွားမှာ ဖြစ်ပါတယ်။

အထက်ပါကိစ္စနှင့် ပတ်သက်၍ တိုက်ကြီးမြို့နယ်ရှိ ကံသာယာရွာသည် တိုက်ကြီးမှ (၃)မိုင် အကွာ ဂျိုးဖြူကန် သွားလမ်းနှင့် ခရိုင်ချင်းဆက်လမ်းမကြီး၏ ဘေးတွင် တည်ရှိပါတယ်။ လူနေအိမ်ခြေ (၁၁၀)ခန့်ရှိ၍ လူဦးရေ(၄၅၀)ကျော် နေထိုင်လျက် ရှိပါတယ်။ ယခု ကံသာယာရွာတွင် ဇေတိကာရုံ ဘုန်းကြီးကျောင်း(၁)ကျောင်း၊ အစိုးရမူလတန်းကျောင်း (၁)ကျောင်း၊ စာကြည့်တိုက်(၁)ခု၊ ရဲစခန်းရုံး(၁)ခု၊ ဘောလုံးကွင်း(၁)ကွင်း၊ သင်္ချိုင်းကုန်း(၁)ခု၊ နိဗ္ဗာန်ယာဥ်(၁)စီး၊ လျှပ်စစ်မီး ထရန်စဖော်မာ (၁၅၀)KV A (၁)ခု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့ဖြင့် ကျေးရွာတစ်ရွာ၏အင်္ဂါရပ်များနဲ့အညီ စနစ်တကျတည်ရှိလျက် ရှိပါတယ်။

ကျေးရွာရှိ ရွာသူ/ရွာသားများမှ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိကြပါတယ်။ ကံသာယာရွာတွင် ဘိုးဘွားများလက်ထက်မှစ၍ ကျေးရွာအဖြစ် ရွာသူ/ရွာသား များ ဓားမဦးချ လုပ်ကိုင်စားသောက် နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်း(၂၀)ကျော် ကြာခဲ့ပြီ ဖြစ်ပါတယ်။ သားစဉ်မြေးဆက် လူဦးရေ တိုးပွားလာကာ ရွာမှာ တစ်ဖြည်းဖြည်း ကြီးမားစည်ပင်လာခြင်း ဖြစ်ပါတယ်။ သို့သော် မြေယာအမျိုးအစားမှာ စားကျက်မြေ အမျိုးအစားဖြစ်ပါတယ်။ ဂရန်မြေ အမျိုးအစား ရှိသူများ လည်း ရှိပါတယ်။ နိုင်ငံတော်မှ ပိုင်ဆိုင်သော စားကျက်မြေအား မြန်မာနိုင်ငံသားများဖြစ်သော ကျေးရွာနေ လူထုအား ကျေးရွာအဆင့်အထိ ထိရောက်အောင်ကြိုးစားဆောင်ရွက်နိုင်လျှင် နိုင်ငံတော်၏ တစ်ဖက် တစ်လမ်းမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေခြင်းလည်း ဖြစ်ပါတယ်။ နိုင်ငံတော်မှာလည်း ဆင်းရဲ သား မြေယာမဲ့ဘဝများ၏အကျိုးကို ရှေ့ရှု၍ ဤကျေးရွာရှိ လူနေအိမ်မြေနေရာများအား စားကျက်မြေ အဖြစ် မှ ဖယ်လဲပြီး ဂရန်မြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီး ဒေသခံ ပြည်သူများ၏ ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ် ပါတယ်ခင်ဗျား။

**မြန်မာနိုင်ငံအတွင်း မီးလောင်ကျွမ်းမှုများ ငြိမ်းသတ်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်နိုင်ရန် ရဟတ်ယာဉ်များ ဝယ်ယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီး လှဝင်းအောင် က မြန်မာနိုင်ငံအတွင်း မီးလောင်ကျွမ်းမှုများ ငြိမ်းသတ်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက် နိုင်ရန် ရဟတ်ယာဉ်များ ဝယ်ယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဗိုလ်မှူးကြီးလှဝင်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်။** ။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ကော်မရှင် အဖွဲ့ဝင်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံစေရန် ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ်ကြည်း ၁၉၇၂၇ ဗိုလ်မှူးကြီးလှဝင်းအောင် ဖြစ်ပါတယ်။ ဒီကနေ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်အနေနဲ့ မေးမြန်းသွားမယ့် မေးခွန်းကတော့ မြန်မာနိုင်ငံအတွင်း မီးလောင်ကျွမ်းမှုတွင် ငြိမ်းသတ်နိုင်ရန်နဲ့ ရှာဖွေကယ်ဆယ်မှုတွေ ဆောင်ရွက်နိုင်ရန်အတွက် ရဟတ်ယာဉ်များ ဝယ်ယူရန် အစီအစဉ် ရှိ/မရှိကို သိရှိလို၍ မေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ အနှံ့အပြားမှာ ရာသီမရွေး၊ အချိန်အခါမရွေးကျရောက်နိုင်တဲ့ အရာကတော့ သဘာဝဘေးအန္တရာယ်တွေနဲ့ မတော်တဆဖြစ်ရပ်တွေ ဖြစ်ပြီးတော့ ဒီ မတော်တဆ ဖြစ်ရပ်တွေမှာဆိုလို့ရှိရင် လူတွေရဲ့ ပေါ့ဆမှုရဲ့ အခြေအနေကြောင့် ဖြစ်ပွားတဲ့ မီးလောင်ကျွမ်းမှုတွေ ရယ်၊ လူသားတွေ ဆုံးရှုံးမှုနဲ့ ရင်ဆိုင်ကြုံတွေ့နေရပုံများကို မျက်ဝါးထင်ထင်တွေ့မြင်လာရပါတယ်။ မီး စတင်လောင်ကျွမ်းချိန်ရဲ့ ပထမဦးဆုံးအချိန်အနည်းငယ်ဟာ အလွန်အရေးပါတဲ့ အချိန်ကာလပဲ ဖြစ်ပါ တယ်။ မီးလောင်ကျွမ်းမှု အန္တရာယ်ကို ထိန်းချုပ်နိုင်တဲ့ အတိုင်းအတာ မကျော်လွန်မီမှာ မီးငြိမ်းသတ် နိုင်ရန်လည်း အရေးအကြီးဆုံး အလုပ်ပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ မီးငြိမ်းသတ်တဲ့အခါမှာ ဝေဟင်က ရဟတ်ယာဉ်တွေနဲ့ အသုံးပြုငြိမ်းသတ်နိုင်ရန် ဦးစားပေး ဆောင်ရွက်ဖို့ လိုအပ်ပြီးတော့ အထူးသဖြင့်တော့ သွားလာရန် ခက်ခဲတဲ့ နေရာတွေ အဲဒီနေရာတွေမှာ ကျွန်တော်တို့ ရဟတ်ယာဉ်တွေ အသုံးပြုပြီး ငြိမ်းသတ် ခြင်းဟာ အထိရောက်ဆုံး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point ဖြင့် သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့ ဆယ်စုနှစ်တစ်ခုအတွင်းမှာ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ မီးလောင် မှု အကြိမ်အရေတွေနဲ့ ဆုံးရှုံးမှုအခြေအနေတွေပဲ ဖြစ်ပါတယ်။ ကျန်တဲ့ နှစ်တွေမှာ မြန်မာနိုင်ငံ အတွင်းမှာရှိတဲ့ မြို့ကြီးတွေမှာမီးလောင်ခဲ့တဲ့ ဖြစ်စဉ်တွေနဲ့ ဆုံးရှုံးမှုတွေကတော့ အားလုံးသိပြီး ဖြစ်တဲ့အတွက် ကျွန်တော် အထူးမပြောလိုပါဘူး။ အဲဒီလို မီးလောင်လာတဲ့အခါမှာဆိုရင် ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့အတွက် မီးလောင်နေစဉ် ငြိမ်းသတ်နိုင်ရန် အဓိက ပြဿနာရပ်ကတော့ မြေပြင်တပ်ဖွဲ့များ လက်လှမ်းမမီတဲ့ အထပ်မြင့်အဆောက်အဦတွေပေါ်မှာရေပက်ဖျန်း စွမ်းဆောင်ရည် အပြည့်အဝ အသုံးမပြုနိုင်ခြင်းပဲ ဖြစ်ပါတယ်။ ဒီပြဿနာကို ရဟတ်ယာဉ်တွေက ရေတိုင်ကီနဲ့ ချိတ်ဆက်သယ်ခြင်း ရဟတ်ယာဉ်အောက်မှာ ဖြုတ်တပ် ဆောင်ရွက်နိုင်တဲ့ ရေတိုင်ကီ တပ်ဆင်နိုင်ခြင်း ကဲ့သို့သော စနစ်တွေနဲ့ ရေသယ်ဆောင်ကာ မီးငြိမ်းသတ်ခြင်းဖြင့် အထောက်အပံ့ ဖြစ်စေနိုင်ပါတယ်။ ဒ့ါအပြင် ရဟတ်ယာဉ်ကို မီးဘေးကာကွယ်ရန်နှင့် မီးလောင်မှုအန္တရာယ် စောင့်ကြည့် ထောက်လှမ်းရန် တို့အတွက်လည်း အသုံးချနိုင်ပါတယ်။ ၎င်းအပြင် မီးလောင်တဲ့နေရာမှာ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ပစ္စည်းတွေ သယ်ဆောင်ရန် ကုန်တင်ယာဉ်အဖြစ်လည်း အသုံးပြုကြပါတယ်။ ရဟတ်ယာဉ်ရဲ့ ကူညီနိုင်စွမ်းနဲ့ လိုအပ်ချိန်မှာ ရရှိနိုင်စွမ်းကြောင့် ရဟတ်ယာဉ်တွေဟာ ကမ္ဘာတစ်ဝှမ်းရှိ မီးသတ် တပ်ဖွဲ့ဝင်တွေအတွက် အသုံးဝင်မှု တန်ဖိုးကြီးမားတဲ့ ပစ္စည်းတွေအဖြစ် သဘောထားလျက် ရှိကြပါတယ်။ ရှာဖွေကယ်ဆယ်ရေးနှင့် မီးသတ်ရဟတ်ယာဉ်များ မီးဘေးအန္တရာယ်အပြင် သဘာဝဘေး အန္တရာယ်

တစ်မျိုးမျိုး ကျရောက်ခဲ့လို့ရှိရင် ဖြစ်ပွားတဲ့နေရာမှာ အမြန်ဆုံး သွားရောက်ပြီးတော့ ကာကွယ်တားဆီးရေးနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရန်အတွက် အရေးပါတဲ့ အထောက်အကူပစ္စည်းတွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရဟတ်ယာဉ်တွေရဲ့ စွမ်းဆောင်မှုကို ကြည့်မယ်ဆိုလို့ရှိရင် အရန် စွမ်းအားထိန်းသိမ်းနိုင်စွမ်း မြင့်မားခြင်း၊ ကုန်ပစ္စည်းအမြောက်အမြားကို ကြိုးဖြင့် ချိတ်ဆွဲသယ်ဆောင်နိုင်စွမ်းမြင့်မားခြင်း၊ အန္တရာယ်လွတ်ကင်းတဲ့ ဝေဟင်သို့ လျင်မြန်စွာ ပျံသန်းနိုင်စွမ်းရှိခြင်း၊ ရဟတ်ယာဉ်မှူးအခန်းကနေ ကျယ်ပြန့်တဲ့ မြင်ကွင်းကို ကြည့်ရှုနိုင်စွမ်းရှိခြင်းနှင့် ရဟတ်ယာဉ်ပေါ်သို့ အန္တရာယ်ကျရောက်နေသူများ လွယ်ကူစွာ ရောက်ရှိနိုင်စွမ်းရှိခြင်း၊ ဒါကတော့ ကယ်ဆယ်ဆောင်ရွက်တဲ့သူတွေလူဝိုင်းခံရလို့ရှိရင် အရေးပေါ် ဆောင်ရွက်နိုင်ခြင်းပဲ ဖြစ်ပါတယ်။ လှုပ်ရှားမှုနဲ့ အရှိန်အဟုန်တို့ကိုအချိန်တိုတွင်းမှာ နေရာကျယ်ပြန့်စွာနဲ့ မြင့်မားစွာ ဆောင်ရွက်နိုင်ခြင်း လိုအပ်တဲ့အချိန်နဲ့ လိုအပ်တဲ့နေရာကို အတားအဆီးမရှိ အချိန်မီ ရောက်ရှိနိုင်စွမ်းရှိခြင်းနှင့် ထိန်းသိမ်းစရိတ် အကုန်အကျသက်သာခြင်းတို့ကြောင့် ဖြစ်ပေါ်လာတဲ့ သဘာဝဘေးအန္တရာယ်တွေ မီးလောင်မှုတွေပါ တားဆီးရှာဖွေကယ်ဆယ်နိုင်ရန် အသုံးပြုခြင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မီးပေါ့ဆသူတစ်ဦးကြောင့်ဖြစ်ဖြစ်၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ဖြစ်ဖြစ်ပေါ်လာတဲ့ မီးလောင်ကျွမ်းမှုတွေကြောင့် လူများစွာဟာ ဒုက္ခသောကများ ဖြစ်ပေါ်စေပြီး အသက်အိုးအိမ်နဲ့စီးပွားရေးလုပ်ငန်းတွေ ပျက်စီးဆုံးရှုံးမှုတွေကို ဆိုးဆိုးရွားရွားနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒီလို ဆုံးရှုံးမှုတွေ ကြုံတွေ့ရပြီး နောက်မှာလည်း နေစရာ အိုးအိမ်မဲ့ ဖြစ်သွားကြတဲ့ ပြည်သူတွေဟာ ကျန်းမာရေး စီးပွားရေး၊ ပညာရေး၊ လူမှုရေး စတဲ့ ဆုံးရှုံးမှု ဆိုးကျိုးတွေကိုပါ ဆက်လက်ခံစား ကြရတဲ့အတွက် ဒီပြဿနာတွေကို တာဝန်ရှိသူတွေက တုံ့ပြန်ကိုင်တွယ် ဖြေရှင်းဆောင်ရွက်ပေးကြရ ပါတယ်။

ဒါ့အပြင် ကမ္ဘာကြီး ပူနွေးလာမှုနှင့်အတူ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုတွေကြောင့် မီးတောင် ပေါက်ကွဲခြင်းတွေ ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်းနှင့် တောမီးလောင်ခြင်းတွေ စတဲ့ သဘာဝဘေးအန္တရာယ်တွေဟာ တိုင်းပြည်နိုင်ငံမရွေး ဖြစ်ပေါ်လာနိုင်တဲ့အတွက် ဖြစ်ပေါ်လာချိန်မှာ အလျင်အမြန်တုံ့ပြန်ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရပါတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်နိုင်ငံ ရှန်ဟိုင်းမီးသတ်ဦးစီးဌာနဟာ အထပ်မြင့် အဆောက်အအုံတွေ မြန်နှုန်းမြင့် ရထားလမ်းတွေနှင့် တောင်ကြားလမ်းတွေကို ဖြတ်၍ ဖောက်လုပ်ထားတဲ့ ကား၊ ရထားလမ်း ခုံးတံတားတွေအပါအဝင် အရေးပေါ်ကယ်ဆယ်ရေးနဲ့ မီးသတ်တာဝန် ထမ်းဆောင်ရန်အတွက် ဝေဟင်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းထူထောင်လေ့ကျင့် ပေးထားကြောင်း သိရှိရပါတယ်။ မကြာသေးမီကပဲ ရုရှားနိုင်ငံလုပ်တဲ့ ရဟတ်ယာဉ်တွေ ဝယ်ပြီး ရဟတ်ယာဉ်မှူး(၇)ဦးနဲ့ စက်မှုပညာရှင် (၃)ဦးကို ရုရှားမှာ လေ့လာသင်ယူ စေလွှတ်ခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် ကနေဒါနိုင်ငံက ရဟတ်ယာဉ်တွေကိုလည်း ဝယ်ပြီးတော့ မီးသတ်ဦးစီးဌာနမှာ အသုံးပြုသွားမှာ ဖြစ်ကြောင်း သိရှိရပါတယ်။ ဒီရဟတ်ယာဉ်တွေဟာ အဆောက်အဦ ခေါင်မိုးတွေ၊ ပိတ်ဆို့နေတဲ့ လမ်းတွေ၊ ကျိုးပျက်နေတဲ့ တံတားတွေကို ရောက်ရှိအောင် သွားလာနိုင်တဲ့အပြင် လေကြောင်း ထောက်ပံ့မှု လုပ်ငန်းတွေ ဆောင်ရွက်နိုင်ကြောင်းလည်း သိရှိရပါတယ်။

အဲဒီလိုပဲ ထိုင်း၊ အိန္ဒိယနိုင်ငံတွေမှာလည်း စွန့်ပစ်ပစ္စည်းတွေ စုပုံထားတဲ့နေရာမှာ မီးလောင်မှုတွေ ငြိမ်းသတ်ရန်အတွက် သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်များ စေလွှတ်ကာ စွန့်ပစ်

ပစ္စည်းများ မီးလောင်ရာကနေ ထွက်ပေါ်လာတဲ့ အဆိပ်ငွေ့ ပျံ့နှံ့မှု လျှော့ချဖို့အတွက် ရေတွေ သယ်ယူပြီးတော့ မီးသတ်ရဟတ်ယာဥ် မီးသတ်လေယာဥ်တွေနဲ့ ပက်ဖျန်းငြှိမ်းသတ်ခဲ့ကြောင်း သိရှိရပါတယ်။ အာဆီယံဒေသအတွင်းနဲ့ ရှာဖွေကယ်ဆယ်ရေးနဲ့ မီးငြှိမ်းသတ်နိုင်ရန် မီးသတ်ရဟတ်ယာဥ်တွေ ဝယ်ယူအသုံးပြုမှုကို လေ့လာတဲ့အခါမှာ တရုတ်၊ စင်ကာပူ၊ ဗီယက်နမ်၊ ဂျပန်၊ ဩစတြေးလျတို့မှာ သီးသန့်မှာယူအသုံးပြုနေပြီးတော့ အိန္ဒိယ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နိုင်ငံ တို့မှာတော့ တပ်မတော်ပိုင် ရဟတ်ယာဥ်များ အကူအညီနဲ့သာ ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ တင်ပြမေးမြန်းမှုဟာ အခြားနိုင်ငံတွေက လုပ်ဆောင်နေလို့မို့ မိမိနိုင်ငံကလည်း လိုက်လံလုပ်ဆောင်ဖို့ တင်ပြနေခြင်း မဟုတ်ဘဲနဲ့ အခြားနိုင်ငံတွေနဲ့ ပြုလုပ်သည်ဖြစ်စေ၊ မပြုလုပ်သည်ဖြစ်စေ မိမိတိုင်းပြည် နိုင်ငံအတွင်းရှိ အများပြည်သူအတွက် အကျိုးရှိပြီးတော့ နိုင်ငံတော်အနေနဲ့ ဆောင်ရွက်နိုင်စွမ်းရှိတဲ့ အခြေအနေ ရှိလို့ရှိရင် လုပ်ဆောင်နိုင်ဖို့အတွက် ထည့်သွင်းစဥ်းစားနိုင်ရန် အကြံပြု တင်ပြခြင်း ဖြစ်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံရဲ့ မြို့တော်နဲ့ မြို့ကြီးတွေမှာ အထပ်မြင့်အဆောက်အအုံတွေ ဆောက်လုပ်လာတဲ့ အတွက် အဲဒီလို အထပ်မြင့် အဆောက်အဦတွေမှာ ပြဿနာတွေ တစ်ခုဖြစ်ပေါ်လာရင် ဒါမှမဟုတ်ရင် ဘေးအန္တရာယ် ကြုံတွေ့ရတဲ့လူတွေ သက်ကြီးရွယ်အိုတွေ၊ ကလေးတွေ နောက် အရေးကြီး ပုဂ္ဂိုလ်တွေကို ဘယ်လိုကယ်ဆယ်ကြမလဲ ဒါကတော့ သတိပြုရမယ့် အချက်တစ်ချက်ပဲ ဖြစ်ပါတယ်။

ဒါ့အပြင် လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူအများစု နောက် အဖွဲ့အစည်းအများစုဟာ မီးဘေးရှောင် မလောင်ခင်တား ဆိုတဲ့အတိုင်း ကြိုတင်ကာကွယ်မှု ပြင်ဆင်မှုဆိုင်ရာ လုပ်ငန်းတွေကို အလေးထား အာရုံစိုက်မှု နည်းပါးလာတာကို တွေ့ရှိရပါတယ်။ ဒီလို အားနည်းမှုတွေကြောင့် ကြီးမားတဲ့ မီးလောင်ကျွမ်းမှုတွေနဲ့ နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ကြုံတွေ့လာတဲ့ အခါမှာတော့ ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ထိခိုက်ပျက်စီးမှုတွေ ကြီးကြီးမားမား ဖြစ်ပေါ်ခံစားရလေ့ရှိပါတယ်။ အဲဒီလို ဖြစ်ပေါ်တဲ့အချိန်မှာ အစိုးရ တာဝန်ရှိသူတွေ NGO အဖွဲ့အစည်းတွေက မီးဘေးအန္တရာယ်ကြုံတွေရတဲ့ ဒေသမှာရှိတဲ့ ပြည်သူတွေကို ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းတွေ ထောက်ပံ့ကူညီတာတွေ နောက်ဆက်တွဲ ကူးစက်ရောဂါ မဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေး စောင့်ရှောက်ပေးတာတွေ နောက်လူမှုစီးပွားဆုံးရှုံးမှုတွေကို ပြန်လည်ထူထောင်ပေးရေး အတွက် ဆောင်ရွက်ကြရပါတယ်။ ဒါပေမယ်လို့ ဒီလို ထောက်ပံ့ကူညီမှုတွေ ဆောင်ရွက်ပေးနိုင်ပေမယ်လို့ စိတ်ပိုင်ဆိုင်းရာ ထိခိုက်ပျက်ပြားမှုကိုတော့ ပြန်လည်အစားထိုး ဆောင်ရွက်ပေးနိုင်ဖို့ကတော့ လွယ်ကူတဲ့ကိစ္စမဟုတ်တာကို အားလုံး အသိပဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရဟတ်ယာဥ်တွေဟာ မီးငြှိမ်းသတ်ရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ရန် သေကြေထိခိုက်ပျက်စီးမှု မရှိဘဲ ဘေးအန္တရာယ် ကြုံတွေ့ရတဲ့ ဒေသခံတွေကို ရှာဖွေကယ်ဆယ်ပြီးတော့ နီးစပ်ရာဒေသများကို အရေးပေါ် ရွှေ့ပြောင်းနေရာချထားပေးရန်နဲ့ ချထားပေးနိုင်ရန် အသုံးဝင်သလိုပဲ မြန်မာနိုင်ငံ အတွင်းမှာ မီးထပ်မံလောင်ကျွမ်းမှုနဲ့ နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်ကို ကာကွယ်စောင့်ရှောက်နိုင်ဖို့နဲ့ နိုင်ငံပိုင်ပစ္စည်းတွေ ယဥ်ကျေးမှု အမွေအနှစ်တွေနဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကို မီးဘေး နဲ့ အခြားသဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေး ကာကွယ်ပေးနိုင်ရန် အလို့ငှာ မီးငြှိမ်းသတ်ပြီး ရှာဖွေကယ်ဆယ်နိုင်တဲ့ ရဟတ်ယာဥ်

များကို ဝယ်ယူဆောင်ရွက်မယ့် အစီအစဉ် ရှိ / မရှိ  ကို သိရှိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မီးလောင်ကျွမ်းကျင်မှုများ ငြိမ်းသတ်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်နိုင်ရန် ရဟတ်ယာဉ်များ ဝယ်ယူရန် အစီအစဉ် ရှိ/မရှိနှင့်မေးခွန်းနှင့် စပ်လျဉ်းသည့်ပုံ (ယ)

မီးလောင်ကျွမ်းကျင်မှုများ ငြိမ်းသတ်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်နိုင်ရန် ရဟတ်ယာဉ်များ ဝယ်ယူရန် အစီအစဉ် ရှိ/မရှိနှင့်မေးခွန်းနှင့် စပ်လျဉ်းသည့်ပုံ (ယ-၁)

မီးလောင်ကျွမ်းကျင်မှုများ ငြိမ်းသတ်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်နိုင်ရန် ရဟတ်ယာဥ်များ ဝယ်ယူရန် အစီအစဉ် ရှိ/မရှိနှင့်မေးခွန်းနှင့် စပ်လျဉ်းသည့်ပုံ (ယ-၂)

**မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်ရှိသည့် အချုပ်ယာဥ်များအား နိုင်ငံတကာအဆင့်မီ အချုပ်ယာဥ်များဖြင့် အစားထိုး ဖြည့်ဆည်းပေးရန်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အသစ်ရောက်ရှိလာသော အချုပ်ယာဥ်များကို ဝိုင်းမော်မြို့နယ် အတွက် တစ်စီးခွဲဝေပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း က မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်ရှိသည့် အချုပ်ယာဥ်များအား နိုင်ငံတကာအဆင့်မီ အချုပ်ယာဥ်များဖြင့် အစားထိုး ဖြည့်ဆည်းပေးရန်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အသစ်ရောက်ရှိလာသော အချုပ်ယာဥ်များကို ဝိုင်းမော်မြို့နယ်အတွက် တစ်စီးခွဲဝေပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေကြောင်း ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂမ်ဆိုင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ရဲ့ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခွင့် ရရှိတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ဦးစွာ ပြောလိုပါတယ်။ မေးခွန်းကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်ရှိတဲ့ အချုပ်ယာဥ်များအား နိုင်ငံတကာ အဆင့်မီ အချုပ်ယာဥ်များဖြင့် အစားထိုး ဖြည့်ဆည်းပေးရန်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း

အသစ်ရောက်ရှိလာသော အချုပ်ယာဉ်များကို ဝိုင်းမော်မြို့နယ် အတွက် တစ်စီးခွဲဝေပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၈ လပိုင်း ၁၄ ရက် ၂၀၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာလည်း အားလုံး တွေ့ရှိရမှာ ဖြစ်ပါတယ်။ မြို့နယ် အသီးသီးမှာ အချုပ်ကားများကို ဖြန့်ဝေလျက်ရှိတယ်ဆိုတာကို သိရှိရပါတယ်။ အထူးသဖြင့် ရန်ကုန်မြို့ကြီး မန္တလေးနဲ့ နေပြည်တော် ပြီးတော့မှလည်းပဲ နယ်စပ်မြို့ကြီးများကိုလည်းပဲ ဖြန့်ဝေနေပါတယ်ဆိုတာ အားလုံး အသိပဲ ဖြစ်ပါတယ်။ အခုလို အချုပ်ယာဥ်တင်ပြတောင်းခံရခြင်းမှာ လည်းပဲ မိမိတို့ ဝိုင်းမော်မြို့ရှိ ပြည်သူ့ရဲစခန်းနဲ့ အချုပ်သား (၃၀)ဦးသာ ဆံ့ပြီးတော့မှ နေ့စဥ် ရုံးသွင်း ရုံးထုတ် အချုပ်သား (၃၀)ကို မိုင် (၂၀)ခန့်ရှိတဲ့ မြစ်ကြီးနားမြို့မှ နေ့စဥ် သုံးဘီး (၂)စီးဖြင့် ရဲတပ်ဖွဲ့ဝင်များအား ဆိုင်ကယ်ဖြင့် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ အများပြည်သူရဲ့ အမြင်ထဲမှာလည်းပဲ အမြင်မတော် စိတ်မချမ်းသာစရာဖြစ်နေပါတယ်။ ယာဥ်အန္တရာယ် ရှိပြီးတော့မှလည်းပဲ မတော်တဆ အန္တရာယ်ဖြစ်ပါကလည်း အချုပ်သားများ ထွက်ပြေးလျှင် ရဲတပ်ဖွဲ့ဝင်များအတွက် များစွာသော အခက်အခဲများနဲ့ ရင်ဆိုင်နိုင်ဖွယ်ရှိကြောင်း နေ့စဥ်နဲ့အမျှ သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ပြီးခဲ့တဲ့လဥ္ ခွဲဝေပေးသော အချုပ်ယာဥ်များ မိမိတို့ မြို့နယ် ခွဲဝေပေးမှု မရှိသေးပါ။ ပြည်နယ်ရဲမင်းကြီး အနေနဲ့လည်းပဲ တင်ပြတောင်းခံထားခြင်းကိုလည်း ကျွန်တော်တို့ ကြားသိရပါတယ်။ သို့ဖြစ်ပါ၍ ပထမအကြိမ်မှာ မပါရှိသော်လည်းပဲ ဒုတိယအကြိမ် ခွဲဝေပေးပါက နယ်စပ်မြို့ဖြစ်သော ဝိုင်းမော်မြို့နယ်ကို ဦးစားပေး ခွဲဝေပေးရန် အစီအစဥ် ရှိ/ မရှိကို သိလိုပါသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား ဖော်ပြပါ မေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်သက်တမ်း (၄)နှစ်နီးပါးအတွင်းမှာ အထူးခြားဆုံး မေးခွန်းပဲ။ ဘယ်သူမှ မတောင်းတဲ့ အချုပ်ယာဥ် တောင်းတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်းကျေးရွာအား မြို့အဆင့် တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က ရခိုင် ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ဇင်ချောင်း ကျေးရွာအား မြို့အဆင့် တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးလိုတဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ဇင်ချောင်းကျေးရွာအား မြို့အဖြစ် အဆင့် တိုးမြှင့်သတ်မှတ်ပေးရန်

အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။ ဇင်ချောင်းကို မြို့အဖြစ် တောင်းရတဲ့ အကြောင်းခြင်းရာများကို ကျွန်တော် အနည်းငယ် ရှင်းပြလိုပါတယ်။

၁။ တည်နေရာ၊ အကျယ်အဝန်း နှင့်နယ်နိမိတ် ဇင်ချောင်းကျေးရွာဟာ ကျောက်ဖြူမြို့နဲ့ (၂၈)မိုင်အကွာ ရမ်းဗြဲမြို့နဲ့ မိုင် (၂၀)အကွာ ရန်ကုန်-ကျောက်ဖြူ ကားလမ်းမကြီးပေါ်မှာ တည်ရှိပါတယ်။ မြေပုံအညွှန်းက ES (၆၇၄၁၇၅) ဖြစ်ပြီး အရှေ့နှင့်အနောက် (၁၂)မိုင် တောင်နဲ့မြောက် (၁၃)မိုင် ဧရိယာအကျယ်အဝန်း မိုင်ပေါင်း (၁၅၆)မိုင် ကျယ်ဝန်းပါတယ်။ မြောက်ဘက်မှာ အမှတ်(၄) တိုက်နယ် မင်းပြင်၊ တောင်ဘက်မှာ ရမ်းဗြဲမြို့နယ် လေးတောင်တိုက်နယ်၊ အရှေ့ဘက်တွင် အမှတ်(၆) တိုက်နယ် စနဲအနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်တို့နှင့် ထိစပ်လျက်ရှိပြီး ပင်လယ်ကမ်းခြေတွင် တည်ရှိပါတယ်။

၂။ လူဦးရေနှင့် ထိစပ်လျက် ရှိတဲ့ ကျေးရွာအုပ်စုများ ဇင်ချောင်းကျေးရွာအုပ်စုကို ကျေးရွာ (၆)ရွာနဲ့ ဖွဲ့စည်းထားပြီး အိမ်ခြေပေါင်း(၁၂၄၂)အိမ်နဲ့ လူဦးရေ (၅၀၀၃)ဦး ရှိပါတယ်။ ဇင်ချောင်း ကျေးရွာဟာ ပင်လယ်ကမ်းစပ်မှာ တည်ရှိနေပြီး ရန်ကုန် - ကျောက်ဖြူကားလမ်း ဖြတ်သန်း သွားသော ကျေးရွာဖြစ်ပါတယ်။ ဇင်ချောင်းကျေးရွာအုပ်စုဟာ အခြားပတ်ဝန်းကျင်ကျေးရွာအုပ်စု (၁၇)အုပ်စု ဖြစ်တဲ့ (၁) မင်းရပ်ကျေးရွာအုပ်စု (၂) သံချောင်းကျေးရွာအုပ်စု (၃) တဘက်ကျေးရွာအုပ်စု (၄) ဝပြေကျေးရွာအုပ်စု (၅) ကင်းမြောက်ကျေးရွာအုပ်စု (၆) ကလန့်တဲ ကျေးရွာအုပ်စု (၇) ရေမျက် ကျေးရွာအုပ်စု (၈) ဘယာကျေးရွာအုပ်စု (၉) မျှောချောင်းကျေးရွာအုပ်စု (၁၀) ကလန်ကြမ်း ကျေးရွာအုပ်စု (၁၁) ကျောက်တောင်ပြိန်ကျေးရွာအုပ်စု (၁၂) စနဲမင်းပြင်ကျေးရွာအုပ်စု (၁၃) အလယ်ဒွိန် ကျေးရွာအုပ်စု (၁၄) လေးပုံကျောက်ကျေးရွာအုပ်စု (၁၅) ကျောက်ပြောက် ကျေးရွာအုပ်စု (၁၆) ငလုံးစု ကျေးရွာအုပ်စု၊ (၁၇) စနဲကျေးရွာအုပ်စုတို့နှင့် ထိစပ်လျက်ရှိပြီး ဤကျေးရွာအုပ်စု (၁၇)အုပ်စုရဲ့ အလယ်ဗဟိုကျကျ နီးပါးမှာ တည်ရှိပါတယ်။ ဤကျေးရွာအုပ်စု(၁၇)အုပ်စုကို ဇင်ချောင်းကျေးရွာအုပ်စုနဲ့ တပေါင်းတစပ်တည်း ပေါင်းစပ်လျက် ဇင်ချောင်းကျေးရွာအား မြို့အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်လိုက်ပါက ကျေးရွာအုပ်စုပေါင်း (၁၈)အုပ်စု၊ ကျေးရွာပေါင်း (၈၇)ရွာ၊ အိမ်ခြေပေါင်း (၉၂၂၆)အိမ်၊ အိမ်ထောင်စုပေါင်း (၉၅၂၁)စု၊ လူဦးရေပေါင်း (၁၈၁၅၀)ဦးရှိတဲ့ မြို့တစ်မြို့ဖြစ်လာပြီး ပတ်ဝန်းကျင်ကျေးရွာအုပ်စုများမှာ နေထိုင်လုပ်ကိုင်နေကြတဲ့ ကျေးရွာသူ/ ကျေးရွာသားများ အားလုံးအတွက်လည်း ဆက်သွယ်သွားလာရေး ၊ ကူးသန်းရောင်းဝယ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့မှာ ပိုမိုအဆင်ပြေလာပြီးတော့ လူမှုဘဝ မြင့်မားတိုးတက်လာကြမှာဖြစ်ပါတယ်။

၃။ ပတ်ဝန်းကျင်အခြေအနေနှင့် ရေမြေအနေအထား ဇင်ချောင်းကျေးရွာသည် အထက်အပိုဒ် (၂)တွင်ဖော်ပြထားသကဲ့သို့ ကျေးရွာအုပ်စု ပေါင်း (၁၈)အုပ်စု၏ အလယ်ဗဟိုတွင် တည်ရှိပြီး ကျေးရွာရဲ့ တောင်ဘက်တွင် တစ်ဆက်တစပ်တည်း ဖြစ်သော ဧက (၁၀၀၀)ခန့် ရှိသော ကွင်းပြင်ကြီးလည်းရှိပါတယ်။ အရှေ့ဘက်နှင့် မြောက်ဘက်တို့မှာ မိုးစပါးသီးနှံစိုက်ပျိုးသော လယ်ဧက (၂၀၀၀)ခန့်လည်း ရှိပါတယ်။ အဲဒီလို ရှိတဲ့အတွက်ကြောင့် မြို့ပြတိုးချဲ့ခြင်း၊ အစိုးရရုံးများ အဆောက်အအုံများကို ဆောက်လုပ်ရန်အတွက် သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများလည်း ရှိပါတယ်။ ဇင်ချောင်းကျေးရွာရဲ့ တောင်ဘက်တွင် ကင်းမြစ်နှင့် အရှေ့မြောက်ဘက်တွင် မင်းရပ်ချောင်းတို့ တည်ရှိရာ တောင်ကုတ်၊ မာန်အောင်၊ ရမ်းဗြဲစသော မြို့နယ်များနှင့် အခြားသော

ကျေးရွာများမှာ ရေလမ်းခရီးဖြင့် နေ့စဉ် သွားလာလျက် ကုန်စည်ကူးသန်းရောင်းဝယ် ဖောက်ကားမှုများကို ပြုလုပ်လျက်ရှိနေကြပါသည်။ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်ရှိသဖြင့် နိုင်ငံခြားတိုင်းပြည်များနှင့်ပါ ရေလမ်း ကူးသန်းရောင်းဝယ်မှု ပြုလုပ်နိုင်တဲ့ အခြေအနေကောင်းများလည်းရှိပါတယ်။ ရန်ကုန်-ကျောက်ဖြူကားလမ်းမကြီးပေါ်မှာ တည်ရှိတဲ့အတွက် ပြည်မမှ ကုန်စည်ပစ္စည်းများကို သယ်ယူဖြန့်ဖြူးရာတွင်လည်းကောင်း၊ ဒေသမှ ထွက်ရှိသော ပစ္စည်းများနှင့်ကုန်စည်များကို ပြည်မသို့ တင်ပို့ရောင်းချရာတွင်လည်းကောင်း၊ ဇင်ချောင်းကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှု၏ ဗဟို အချက်အချာကျသော နေရာတစ်ခု ဖြစ်ပါတယ်။

၄။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဇင်ချောင်းကျေးရွာအုပ်စုတွင် တိုက်နယ် ဆေးရုံ (၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန (၁)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၅)ခုတို့ကို ဖွင့်လှစ်ထားပြီး ဆရာဝန်အပါအဝင် ကျန်းမာရေး ဝန်ထမ်း (၂၀)ဦးတို့က ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိနေပါတယ်။ ဇင်ချောင်းကျေးရွာအုပ်စုတွင် အ.ထ.က(၁)ကျောင်း၊ မူလတန်းကျောင်း (၁)ကျောင်း၊ ဆရာ/ ဆရာမ (၅၀)ဦး ကျောင်းသား/ ကျောင်းသူ စုစုပေါင်း (၁၄၄၈)ဦး ရှိပြီး အစိုးရအတည်ပြု သတ်မှတ်ထားသော စာစစ်ဌာန (၁)ခုလည်း ရှိပါတယ်။ တကယ်လို့ ဇင်ချောင်းကျေးရွာအား မြို့အဆင့် တိုးမြှင့်၍ ကျေးရွာအုပ်စု (၁၈)ခုကို စုပေါင်းလိုက်မည်ဆိုပါက အ.ထ.က (၂)ကျောင်း ၊ အ.ထ.က (ခွဲ) (၂)ကျောင်း၊ အ.လ.က (၁)ကျောင်း၊ အ.လ.က ခွဲ (၃)ကျောင်း၊ မူလွန်ကျောင်း (၁၂)ကျောင်း၊ အ.မ.က (၆၆)ကျောင်း၊ စုစုပေါင်း အခြေခံကျောင်းပေါင်း (၈၆)ကျောင်းရှိပြီး ကျောင်းသား/ ကျောင်းသူ (၉၅၄၀)ဦး ရှိလာမည် ဖြစ်ပါတယ်။ ဇင်ချောင်း အ.ထ.က ကျောင်းဟာ တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ နှစ်စဉ်အောင်ချက်ကောင်းပြီး၊ ကျောက်ဖြူမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၌ အောင်ချက်ရာခိုင်နှုန်း (၂၉.၃)ဖြင့် ပထမအဆင့်မှာ ရပ်တည်လျက်ရှိနေပါတယ်။ ဇင်ချောင်းကျေးရွာမှာ နေ့စဉ် ဖွင့်လှစ်ငှားရမ်း လျက်ရှိတဲ့ အလင်းသစ်စာကြည့်တိုက် တစ်ခု ရှိပြီး နီးစပ်ရာ ကျေးရွာအုပ်စုများမှ စာကြည့်တိုက်ပေါင်း (၁၀)ခုဖြင့် ဆက်သွယ်ကာ ဒေသခံ ပြည်သူလူထု ဗဟုသုတ ရရှိစေရေးအတွက်စာအုပ်များကို ငှားရမ်းလျက် ရှိနေပါတယ်။

၅။ စီးပွားရေး ဇင်ချောင်းဒေသခံ ပြည်သူများဟာ ဒေသဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိက လုပ်ကိုင်ကြပြီး ပုဇွန်လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါတယ်။ ငါး၊ ပုဇွန်လုပ်ငန်းရှင် (၅၀၀)ဦးခန့်၊ အလုပ်သမား (၃၀၀၀)ခန့်မှာ ငါး၊ ပုဇွန် လုပ်ငန်းတို့ကို တွင်ကျယ်စွာလုပ်ဆောင်လျက်ရှိကြပါတယ်။ ငါး၊ ပုဇွန်လုပ်ငန်းမှာ ဒေသတွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်မရှိရန်ကုန်၊ ပြည်၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုးစသော မြို့ကြီးများသို့လည်း အမြောက်အမြားတင်ပို့ရောင်းချလျက်ရှိတဲ့အပြင် နိုင်ငံခြားဈေးကွက်များသို့ပါ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိပါတယ်။ ဇင်ချောင်းကျေးရွာဟာ ကျောက်ဖြူမြို့ အထူးစီးပွားရေးဇုန်ပြုလုပ်ရန် လျာထားတဲ့နေရာနှင့် (၁၅)မိုင်သာ ကွာဝေးပါတယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန် ပေါ်ပေါက်လာတဲ့အခါမှာ ရင်းနှီးမြှုပ်နှံရန် လာရောက်ကြမည့် နိုင်ငံခြားသားများအတွက် ဟိုတယ်၊ မိုတယ်များ ဆောက်လုပ်ရန် အချက်အချာကျသည့် နေရာလည်း ဖြစ်ပါတယ်။ အထူးစီးပွားရေးဇုန်၏ တစ်စိတ်တစ်ဒေသဖြစ်တဲ့ စိုက်ပျိုးရေးဇုန်၊ မွေးမြူရေးဇုန်၊ လူနေအိမ်ရာ စက်မှုဇုန်တို့အတွက် နေရာ အလုံအလောက် ရှိပါတယ်။

၆။ မြို့ပြအဖြစ် အဆင့်တိုးမြှင့်ရေး အကယ်၍ ဇင်ချောင်းကျေးရွာအား မြို့အဆင့်တိုးမြှင့်ပေးပါက(၁) ဇင်ချောင်းဒေသသည် ကောင်းမွန်သည့် ပထဝီအနေအထားကို ပိုင်ဆိုင် ထားသည့်

အတွက် အချိန်တိုအတွင်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့ ပိုမိုတိုးတက်လာမည့်အပြင် ဒေသခံတို့၏ လူနေမှုဘဝကိုလည်း လျင်မြန်စွာ ပြောင်းလဲလာနိုင်ပါတယ်။ ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာပြီး အဝေးရောက် ဒေသခံ အသိပညာရှင်၊ အတတ်ပညာရှင်များလည်း မိမိဒေသသို့ ပြန်လည်ဝင်ရောက်လာကာ ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေနိုင်ပါတယ်။ ဇင်ချောင်းဒေသဟာ ရမ်းဗြဲကျွန်းရဲ့ အလယ်မှာ တည်ရှိသဖြင့် ဇင်ချောင်းဒေသ အလျင်အမြန် တိုးတက်လာသည်နှင့်အမျှ ရမ်းဗြဲကျွန်းပေါ်မှ အခြားနေရာများသည်လည်း တစ်ပြေးညီ တိုးတက်လာမည်ဖြစ်ပါတယ်။ ဤဒေသဟာ ရန်ကုန်-ကျောက်ဖြူကားလမ်းပေါ်မှာ တည်ရှိပြီး ပင်လယ်ကမ်းခြေနေရာလည်း ဖြစ်သဖြင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်အောင်မြင်လာပါက အောင်မြင်လာသည်နှင့်အမျှ နိုင်ငံခြားသားလုပ်ငန်းရှင်များနှင့် ခရီးသွားများကို ဆွဲဆောင်နိုင်သည့် နေရာတစ်ခုလည်းဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသဝင်ငွေကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ ၎င်းအပြင် ဌာနဆိုင်ရာရုံးများ အခြေစိုက်ရာ ရောက်ရှိလာမည်ဖြစ်ရာ ဒေသခံများမှာ ငွေကုန်၊ အချိန်ကုန် လူပင်ပန်းသက်သာစွာဖြင့် ရုံးလုပ်ငန်း ကိစ္စများကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ဥပဒေရုံး၊ တရားရုံးတို့လည်း နီးကပ်စွာရှိလာသဖြင့် တရားဥပဒေစိုးမိုးသည့်နေရာလည်း ဖြစ်နိုင်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ (၁) ဇင်ချောင်းကျေးရွာအား မြို့အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ၊ (၂) မြို့အဖြစ် အဆင့်တိုးမြှင့်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ပေးနိုင်မည်နည်း၊ (၃) အကယ်၍ မတိုးမြှင့်ပေးနိုင်ပါက အဘယ်ကြောင့်နည်း စတဲ့မေးခွန်းများဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်တွင် မူးယစ်ထုံထိုင်းနှင့် စိတ်ကိုရူးသွပ်စေတတ်သောဆေးများ ရောင်းဝယ်မှု အလွန်အမင်းမြင့်မားနေခြင်းကို ပညာပေးတားဆီးနှိမ်နင်းသွားမည့် အစီအမံများ မည်ကဲ့သို့လုပ်ဆောင်ထားရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး က ရခိုင်ပြည်နယ်တွင် မူးယစ်ထုံထိုင်းနှင့် စိတ်ကိုရူးသွပ်စေတတ်သောဆေးများ ရောင်းဝယ်မှု အလွန်အမင်းမြင့်မားနေခြင်းကို ပညာပေးတားဆီးနှိမ်နင်းသွားမည့် အစီအမံများ မည်ကဲ့သို့ လုပ်ဆောင်ထားရှိသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ကျွန်တော် ဦးခင်မောင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရခိုင်(၃)က ဒီနေရာကနေ လေးစားစွာနဲ့ မင်္ဂလာပါလို့ ဂါရဝပြု ပြောကြားပါတယ်ခင်ဗျား။ ဒီကနေ့ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့မေးခွန်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်အတွင်းမှာ မူးယစ်ဆေးဝါးကိစ္စနဲ့ပတ်သက်လို့ မေးခဲ့ကြတာ၊ ပြောခဲ့ကြတာတွေ အများကြီးဖြစ်နေပါပြီ။ ကိုယ်စားလှယ် ဦးဖေသောင်း ကလည်းပဲ အဆိုတစ်ခုတင်သွင်းခဲ့ပါတယ်။ တခြား

ပြည်နယ်၊ ဒေသတွေမှာ မူးယစ်ဆေးဝါးအန္တရာယ်ရှိတယ်ဆိုသလိုပဲ ကျွန်တော်တို့ ရခိုင်ဒေသမှာလည်း သူများဒေသထက် မလျော့ရင်သာရှိမယ်၊ မပိုဘူးတော့ရှိပါလိမ့်မယ်။ မူးယစ်ဆေးဝါးအန္တရာယ်ဟာ ရင်လေးစရာအခြေအနေ စိုးရိမ်ရေမှတ်ကို ကျော်လွန်ပြီးဖြစ်နေလို့ ဒေသခံလူထုတွေကနေပြီးတော့ စိုးရိမ်ကြောင့်ကြစွာနဲ့ ဒီမေးခွန်းကို မေးလာကြတာဖြစ်ပါတယ်။ ဘယ်လောက်တောင် မူးယစ်ဆေးဝါး အန္တရာယ်ဟာ ကြီးမားသလဲဆိုလို့ရှိရင် ဒီဆေးဝါးကိုဝယ်ယူဖို့အတွက် ရပ်ကွက်ထဲမှာ ကွမ်းယာဆိုင်ကအစ အိမ်အနီးအနားမှာ အလွယ်တကူ ဝယ်ယူရရှိနိုင်တယ်။ အဲဒီလောက်အထိ ပေါပေါများများဖြစ်နေတဲ့ အတွက်ကြောင့် လူတွေက၊ မိဘပြည်သူတွေက ရတက်မအေးဖြစ်နေကြပါတယ်။ တစ်လောကလည်းပဲ မြောက်ဦးမြို့မှာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ဖမ်းမိခဲ့ပါတယ်။

အဲဒီပုဂ္ဂိုလ် ဖမ်းမိတဲ့အချိန်မှာ သူနဲ့တကွ လက်နက်တွေပါ ဖမ်းဆီးရမိခဲ့တယ်ဆိုတော့ ဒီ အန္တရာယ်ဟာ ဘယ်လောက်အတိုင်းအတာအထိ ကြီးမားနေတယ်ဆိုတာကို ကျွန်တော်တို့ သိရှိနိုင် ပါတယ်။ မကြာသေးမီကလည်းပဲ မြောက်ဦးမြို့ နန်းရာကုန်းပေါ်မှာ မူးယစ်ဆေးဝါးတွေကို မတော်တဆ ကလေးတွေက တွေ့ရှိခဲ့တယ်ဆိုတဲ့ဥစ္စာ တွေ့ရပါတယ်။ အဲဒီကိစ္စကလည်းပဲ ခပ်ဆန်းဆန်းပါပဲ။ ဒီတော့ကာ မူးယစ်ဆေးဝါးဟာ ကျွန်တော်တို့ ရခိုင်ဒေသက ထွက်တဲ့ ထွက်ကုန်မဟုတ်ပါဘူး။ ဒီဆေးဝါးကိစ္စကို ကြည့်ရင် ကျွန်တော်တို့ အပိုင်း(၃)ပိုင်းနဲ့ ကြည့်ရပါမယ်။ ထုတ်လုပ်တဲ့အပိုင်း၊ ဖြန့်ဖြူးတဲ့အပိုင်း၊ သုံးစွဲတဲ့ အပိုင်း အဲဒီ(၃)ပိုင်းမှာ ထုတ်လုပ်တဲ့အပိုင်းမှာ ရခိုင်မှာမရှိပါဘူး။ ဒီထုတ်လုပ်တဲ့ဥစ္စာဟာ တောင်ပေါ်ဒေသ တောင်ကြိုတောင်ကြား လူသူအရောက်အပေါက်နည်းတဲ့ ဒေသတွေ၊ စိုးရိမ်ကြောင့်ကြစွာနဲ့ အနှောက် အယှက်မရှိ ၊ အထိန်းအကွပ်မရှိ စိုက်ပျိုးလို့ကောင်းတဲ့ နေရာဒေသမှာ ဖြစ်ထွန်းနိုင်တဲ့ လုပ်ငန်း ဖြစ်ပါတယ်။ အထူးသဖြင့် မငြိမ်းချမ်းတဲ့ဒေသတွေ၊ ဥပဒေမစိုးမိုးနိုင်တဲ့နေရာတွေမှာ ဒီကိစ္စတွေဟာ ထွန်းကား နေပါတယ်။

ဖြန့်ဖြူးရေးအပိုင်းကတော့ ကမ္ဘာအနှံ့ဖြန့်ဖြူးနေတာဖြစ်ပါတယ်။ လမ်းကြောင်းအမျိုးမျိုးနဲ့၊ သယ်ဆောင်သူတွေအမျိုးမျိုးနဲ့ စနစ်တကျသွားလာလှုပ်ရှား ဖြန့်ဖြူးနေကြတယ်ဆိုတာကို အချိန်မရွေး ဖမ်းဆီးတဲ့ အတိုင်းအတာကိစ္စရပ်တွေကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ သိနိုင်ပါတယ်။ ဟိုနေရာမှာဖမ်း မိပြီ၊ ဒီနေရာမှာဖမ်းမိပြီ ဆိုတဲ့ဥစ္စာဟာ နေရာဒေသတော်တော်များများမှာ ဖြစ်ပွားနေတယ်ဆိုတာကို ကျွန်တော်တို့ တွေ့နိုင်ပါတယ်။ သုံးစွဲတဲ့အပိုင်းမှာတော့ လူငယ်ပိုင်းက အများအပြား သုံးစွဲနေတယ် ဆိုတာကို သိရပါတယ်။ တစ်ခါ အနုပညာနဲ့ပတ်သက်တဲ့ ကဏ္ဍတွေမှာ ဆက်စပ်နေတဲ့ ပုဂ္ဂိုလ်တွေ ဟာလည်းပဲ ဒီကိစ္စနဲ့ပတ်သက်နေတယ်ဆိုတာကို သိရပါတယ်။ ဒီလိုပဲ အနုပညာနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေဟာ ဘဝဆုံးရှုံးသွားကြတာတွေလည်း မနည်းတော့ပါဘူး။ ကျွန်တော် လေ့လာမိသလောက် ကမ္ဘာမှာ သန်း(၂၅၀)ကျော်သော ပုဂ္ဂိုလ်တွေဟာ မူးယစ်ဆေးဝါးကို တစ်နည်းမဟုတ်တစ်နည်း၊ တစ်မျိုးမဟုတ်တစ်မျိုး တရားမဝင် သုံးစွဲနေကြတယ်ဆိုတာကို တွေ့ရှိရပါတယ်။

ရခိုင်ဒေသမှာတော့ အစိရှည်လို့ခေါ်ပါတယ်။ ဒီအစိရှည်ဆိုတာဟာ အခုခေတ်မှာပေါ်လာတဲ့ ရာမဆေးဝါးဖြစ်ပါတယ်။ ကျွန်တော်တို့တုန်းကတော့၊ ကျွန်တော်တို့ လူပျိုအရွယ်ကာလတုန်းကတော့ နံ့ပါတ်ဖိုးတို့ အဲဒါတွေပဲရှိပါတယ်။ ဆေးခြောက်တို့ အခုခေတ်မှာတော့ ဒီရာမဆေးဆိုတာဟာ အင်မတန်မှ အစွမ်းထက်ပြီးတော့ သူရဲ့အန္တရာယ်ဟာလည်းပဲ မသေးလှပါဘူးခင်ဗျာ။ ဈေးကတော့ (၃၀၀၀)နဲ့ (၅၀၀၀) ကြားမှာရှိတယ်လို့ သိရပါတယ်။ ဒါပေမဲ့ ဒီဆေးတွေဟာ တော်တော်များများ ပေါက်ပေါက်ရောက်ရောက် သုံးစွဲနေကြတယ်ဆိုတာကို နေရာဒေသအတော်များများမှာ တွေ့နေရပါတယ်။ အဲဒီတော့ ကျွန်တော်တို့

ဒီလို ကျွန်တော်တို့ နောင်လာမယ့်မျိုးဆက်တွေအတွက် အန္တရာယ်ဖြစ်မယ့်၊ မျိုးဆက်တုန်းမယ့် ဒီကိစ္စ ကို ဘယ်လိုများကျွန်တော်တို့ တားဆီးနိုင်ကြမလဲ ဆိုတော့ ကျွန်တော့်အတွေ့အကြုံအရ ကျွန်တော်တို့ ငယ်ငယ်တုန်းကလည်းရှိပါတယ်။ ဘိန်းစားဆိုတာ။ ပြောရရင် ဘိန်းစားဆိုတဲ့ ဒီဘိန်းစားအရေအတွက် ဟာ အင်မတန်မှနည်းပါတယ်။ လိုင်စင်နဲ့ သုံးစွဲတဲ့သူတွေသာ ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းကလည်းပဲ သူတို့ကို အထင်သေးတယ်။ လူ့အဖွဲ့အစည်းမှာ ဝင်မဆံ့နိုင်တဲ့သူတွေဖြစ်တယ်။ ဒါကြောင့်မို့လို့ ဒီအချက်ကြောင့်ပဲ လည်း ဒီဟာကို သုံးစွဲမှုလျော့ပါးတယ်လို့ ထင်ရပါတယ်။ ဒီလောက်အလွယ်တကူ သုံးစွဲနိုင်ရဲ့သားနဲ့ မသုံးစွဲ ခဲ့ကြပါဘူး။ နောက်တစ်ခါ ကျွန်တော်တို့ လူပျိုအရွယ်မှာ နံပါတ်ဖိုးကျတော့လည်းပဲ အဲဒီလို တော်တော် များများ ကျော်ကြားပါတယ်။ ကျွန်တော်တို့ ကြားသိနေရတယ်။

သို့သော်လည်းပဲ ကျွန်တော်တို့ တစ်ခါမှ ဒီကိစ္စကို ကိုယ်တိုင်ကိုယ်ကျ စမ်းသပ်တဲ့သဘော တောင်မှ ကျွန်တော်တို့မလုပ်ခဲ့ဖူးပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ပတ်ဝန်းကျင်က လက်မခံဘူး။ ဒီဟာကို အင်မတန်မှ ရှုတ်ချတယ်။ ဒီကိစ္စဟာ သိက္ခာကျတဲ့ ကိစ္စတစ်ရပ်ဖြစ်တယ်။ လက်မခံနိုင်တဲ့အတွက် ဒီလိုပဲ မတွင်ကျယ်ခဲ့ဘူး။ ဒီနံပါတ်ဖိုးဟာ အခုခေတ်မှာတော့ ဒီအစိရှည်ဆိုတဲ့ ကျွန်တော်တို့ ရာမဆေးဟာ တော်တော်များများ တွင်တွင်ကျယ်ကျယ်နဲ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို ထိုးနှက်နေပါပြီ။ အဲဒီတော့ ဒီအထဲမှာ ကျွန်တော် အတွေ့အကြုံက ကျွန်တော်တို့ ဒီ Community Base ဆိုတဲ့ ပုံစံမျိုးလေး ထိန်းသိမ်းရင် မကောင်းဘူးလားဆိုတဲ့ အကြံလေးတစ်ခု ပေးချင်ပါတယ်။ ကျွန်တော့်ကလေးတွေနဲ့ ကျွန်တော် ကလေးတွေငယ်ငယ်တုန်းက ရပ်ကွက်ထဲမှာနေတဲ့အချိန်မှာ ရပ်ကွက်ကောင်စီခေတ်၊ ရပ်ကွက် ကောင်စီ ဥက္ကဋ္ဌဟာ သိက္ခာသမာဓိ ရှိတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ လူတိုင်းနဲ့လည်းသိတယ်။ ရပ်ကွက်ထဲမှာ အကုန်လုံးနဲ့ အကျွမ်းတဝင်ရှိတယ်။ လူငယ်ပိုင်းကလည်းပဲ သူ့ကိုသိနေတယ် ရပ်ကွက်လူကြီးဆိုတာကို။

အဲဒီတော့ ကလေးတွေလမ်းပေါ်မှာဆော့နေတယ်။ စာကျက်ချိန်မှာ အိမ်မှာမရှိဘူး အဲဒီ ကလေးတွေ ဆိုလို့ရှိရင် သူကတုတ်နဲ့ခြိမ်းခြောက်ပြီးတော့ မင်းတို့အိမ်မပြန်ဘူးလား၊ ဘာလုပ်နေကြလဲ လမ်းပေါ်မှာ၊ တော်ကြာနေရင် ငါ မင်းမိဘကို တိုင်လိုက်မယ်၊ မင်းတို့မိဘတွေကို ငါပြောမယ် ဘာညာ ဆိုတဲ့အခါကျတော့ ကလေးတွေက အိမ်ကိုတန်းပြီးတော့ ပြန်လာပါတယ်။ ဒါကျွန်တော့်ဘဝနဲ့ ယှဉ်ပြီးတော့ ကျွန်တော့် ကလေးတွေက ဘာဖြစ်လို့ မှန်မှန်ကန်ကန် လမ်းကြောင်းပေါ်ကို ရောက်ရှိလာသလဲ ဆိုတာက သူတို့ရဲ့ ငယ်စဉ်တုန်းက ဒီဟာလေးတွေ၊ ဒီလိုသူတို့ရဲ့ လျှောက်လှမ်းခဲ့ရတဲ့ သူတို့ရဲ့ ပတ်ဝန်းကျင်၊ အဲဒီပတ်ဝန်းကျင်မှာ လမ်းကြောင်းမှားကို ရောက်ဖို့ မရှိနိုင်တဲ့အနေအထားလေးတွေ ရှိခဲ့ပါတယ်။ ဘာလဲဆိုတော့ ရပ်ကွက်ကဝိုင်းပြီးတော့ထိန်းတာ။ သူ့ကလေး၊ ကိုယ့်ကလေး အကုန်လုံးက သိနေ ကြပြီ၊ ရပ်ကွက်မှာက တစ်ယောက်နဲ့တစ်ယောက် စောင်မတယ်၊ ကြည့်ရှုတယ်၊ ပြောကြတယ်။ ဒီဟာ လေးဟာ ကျွန်တော်တို့မှာ အခုဆိုလို့ရှိရင် တော်တော်လေး ခေါင်းပါးသွားပြီလို့ ကျွန်တော်ထင်မိပါတယ်။ ဒီလိုအစဉ်အလာလေးတွေ။

အဲဒီတော့ အချက်(၃)ချက်တွေ့တယ်။ ကျွန်တော်တို့ တရားဥပဒေစိုးမိုးရေး၊ အဂတိ လိုက်စားမှု ပပျောက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး။ အဲဒီ(၃)ချက်ဟာ ဒီမူးယစ်ဆေးဝါးတိုက်ဖျက်ရေးမှာ တော်တော် လေး အရေးပါပါလိမ့်မယ်လို့ ထင်ပါတယ်။ အဂတိလိုက်စားမှုဟာ ဒီမူးယစ်ဆေးဝါးကို တိုက်ဖျက်ရေး ထဲမှာ ပါဝင်တဲ့ပုဂ္ဂိုလ်တွေကိုယ်တိုင်က ဒီအထဲမှာ ပါဝင်ပြီးတော့ အကျိုးစီးပွား ဖြစ်ထွန်း နေကြတယ်။ သူတို့ဟာ ဒီအထဲမှာ ဘယ်လောက်တောင်ဖြစ်သလဲဆိုလို့ရှိရင် နောက်တစ်ခုမှာ ကျွန်တော် ပြောပြပါ့မယ်။ ကျွန်တော်တို့ မနေ့က စကားဝိုင်းလေးတစ်ခု လုပ်ခဲ့ကြပါတယ်။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်

တွေနဲ့ အပြင်က ပုဂ္ဂိုလ်တွေပါ ပါဝင်ပါတယ်။ စကားဝိုင်းလေးတစ်ခုမှာ ကျွန်တော်တို့ ဆွေးနွေးခဲ့ကြတဲ့ အခါကျတော့ အဲဒီမှာ ဘယ်လောက်တောင်ခက်ခဲလဲဆိုတော့ ဒီခက်ခဲတဲ့အတိုင်း အတာကို ကျွန်တော်တို့ မှန်းဆမိပါတယ်။ ဒီလုပ်ငန်းဟာ ခက်ခဲတယ်။ ငွေကြေးအကြီးအကျယ်ရနိုင်တဲ့ အခွင့်အရေးရှိတယ်။ ငွေရလွယ်တဲ့ လုပ်ငန်းဖြစ်တယ်။ အလွယ်နဲ့ တိုက်ဖျက်လို့ရမှာမဟုတ်ဘူး။

အဲဒီတော့ အဲဒီမှာသူတို့ ဆွေးနွေးကြတဲ့ဥစ္စာဟာ ပြောရလို့ရှိရင် ကိုယ်စားလှယ်တစ်ယောက်က ဘာပြောသလဲဆိုတော့ သူတို့ဆီမှာတဲ့ (၁၂)နှစ်၊ (၁၃)နှစ် ကလေးတွေတောင်မှ ဒေါက်တာဖြစ်နေပြီတဲ့။ ဆေးထိုးအပ်ကိုင်နေပြီ လို့ ပြောတာဖြစ်ပါတယ်။ အဲဒီတော့ အဲဒီအထဲမှာ မနေ့ကဆွေးနွေးတာ အရပ်သား တစ်ယောက်ပြောတာ ဆိုလို့ရှိရင် ရောင်းချတဲ့လူ တော်တော်များများဟာ မိန်းမတွေ ဖြစ်တယ်။ သူတို့ကတော့ ဒီလုပ်ငန်းကို မလုပ်ချင်တော့ဘူး။ မလုပ်ချင်ဘူးဆိုတာက သူတို့က ဆက်ကြေးပေးနေ ရတယ်။ ဆက်ကြေးပေးရတယ်ဆိုတာက ဒီလုပ်ငန်းကို ကြီးကြပ်ဖို့ထားတဲ့ ပုဂ္ဂိုလ်တွေက ကိုယ်တိုင်က ဆက်ကြေးလာတောင်းနေတဲ့အခါကျတော့ သူတို့မှာဆက်ကြေးကို ကြီးကြီးမားမားပေးရတယ်။ အချိန် မရွေးပေးနေရတယ်။ ဘယ်လောက်အတိုင်းအတာဆိုတာလည်းမရှိဘူး။ ပေးဆိုပေး၊ မပေးရင် သူတို့ကို အနှောက်အယှက်ပေးမယ်။ နောက်တစ်ခါ မလုပ်ချင်တော့ဘူးဆိုပြန်တော့လည်း မလုပ်လို့မရပြန်ဘူး။ မလုပ်ရင် သူတို့ကို နှောက်ယှက်ဦးမယ်။ သူတို့ကို အမျိုးမျိုးသောအန္တရာယ်တွေ ပေးမယ်ဆိုတော့ ဒီအန္တရာယ်ကို ကြောက်ပြီးတော့မှ သူတို့ကဆက်ပြီးတော့ ဒီလမ်းကြောင်းကို လျှောက်လှမ်းနေရပါတယ်။ ဘယ်လောက်တောင်လုပ်လဲဆိုလို့ရှိရင် သူတို့ကို ရောင်းဖို့နေရာတောင်မှ သူတို့ကိုချထားပေးတယ်။ ဒီနေ့ဒီနေရာမှာရောင်း နင်တို့လမ်းကြောင်းရှင်းတယ်။ နောက်တစ်နေ့ကျတော့ ဘယ်နေရာမှာသွားလုပ်၊ အဲဒီမှာ တော့ ငါတို့မလာဘူး။ အဲဒီပုံစံမျိုး စနစ်တကျလှုပ်ရှားနေတဲ့အတွက်ကြောင့် ဒီဟာမလွယ်ပါဘူး။

နောက်တစ်ခုကလည်း အဲဒီလုပ်ငန်းဟာ ကွန်ယက်ကြီးတစ်ခု ဖြစ်နေတယ်။ ဒီအထဲမှာ ပါဝင်တဲ့၊ ပတ်သက်တဲ့သူတွေကို လခပေးထားတယ်။ စနစ်တကျ လစဥ်ပုံမှန် သူတို့က ပေးထားတဲ့အတွက် အကုန်လုံးကို သူတို့က ဒီအထဲမှာ ချုပ်နှောင်ထားပြီး ဖြစ်ပါတယ်။ ဒီမှာပါဝင်ပတ်သက်တဲ့ပုဂ္ဂိုလ်တွေကို။ အဲဒီတော့ ဒီအထဲမှာ ဝန်ထမ်းတွေရဲ့ စားဝတ်နေရေးလည်းပါသွားတဲ့အတွက် အဂတိလိုက်စားမှုဟာ အလိုလိုပါသွားပြီး ဖြစ်ပါတယ်။ ရှမ်းပြည်မှာ ကိုယ်စားလှယ်တစ်ယောက်က ဘာပြောလဲဆိုတော့ သူကြိုးစားခဲ့ ပါတယ်တဲ့။ ဒါကို တိုက်ဖျက်ဖို့အတွက်။ တိုက်ဖျက်ဖို့ ကြိုးစားတဲ့နေရာမှာ သူက ဘိန်းအစားထိုး စိုက်ပျိုးရေးလုပ်ခဲ့တယ်။ အောင်မြင်ပါတယ်။ စိုက်ပျိုးတဲ့အခါမှာ သီးထွက်တွေလည်း ကောင်းပါတယ်။ Production ကောင်းတယ်။ ကောင်းတဲ့အတွက် ဒီဟာကို ပထမ တစ်ကြိမ်၊ နှစ်ကြိမ် တော့ အလုပ်ဖြစ်တယ်။ နောက်ပိုင်းကျတော့ ဈေးကွက်မရှိတော့ဘူး။ ဒီထွက်ကုန်တွေကို ရောင်းဖို့ ဈေးကွက်က မရှိတော့ဘူး။ မရှိတဲ့အခါကျတော့ ဒီလူတွေက ဘာလုပ်ကြမလဲ။ ဒါလည်းပြဿနာ တစ်ခုဖြစ်ပါတယ်။ သူတို့ကို ထွက်ပေါက်ပေးရမယ်။ ဒီထွက်လာတဲ့ပစ္စည်းကို ရောင်းဖို့မှ လုပ်မပေး နိုင်ဘူးဆိုလို့ရှိရင် ဒီလမ်းကြောင်းပဲ ငွေရလွယ်တဲ့ လမ်းကြောင်းကိုပဲ ပြန်ပြီးတော့ လျှောက်လှမ်းဖို့ ဖြစ်ပါတယ်တဲ့။ အဲဒါကြောင့်မို့လို့ တတ်နိုင်တဲ့ဖက်က NGO ,INGOတွေ UNODC စတဲ့ပုဂ္ဂိုလ်ကြီးများက စဥ်းစားဖို့၊ ပါဝင်ကူညီဖို့၊ ဆက်စပ်လုပ်ဆောင်ဖို့ ၊ ကြိုးစားပေးဖို့ သက်ဆိုင်ရာကို ဝေမျှပေးပါ ဆိုတဲ့စကား ထွက်လာပါတယ်။

အဲဒီတော့ တစ်ယောက်က ဘာပြောသလဲဆိုတော့ ကချင်မှာတဲ့ ဘယ်လောက်တောင် ထွက်ကုန်ကောင်းလဲဆိုလို့ရှိရင် ဒီမူးယစ်ဆေးဝါးဟာ (၄)နှစ်လောက် ဒီဟာကို တားဆီးလိုက်ဦး။ ဒီအထဲမှာ

သူတို့မှာသိုလှောင်ပြီးသားရှိပါတယ်တဲ့ (၄)နှစ်စာ။ (၄)နှစ်စာ သုံးဖို့အတွက် အပြည့်အဝ ရှိပါတယ်တဲ့။ အဲဒီလိုလည်းပြောပါတယ်။ အဲဒီတော့ လူငယ်တွေကို လူမှုရေးအပိုင်းက မူးယစ်ဆေးဝါး လမ်းကြောင်းပေါ်ကို မရောက်အောင် ဘယ်လိုအစီအစဉ်တွေဆွဲပေးကြမလဲ။ ကျွန်တော်ပြောတဲ့ Community Base လူ့အဖွဲ့အစည်းက ထိန်းသိမ်းကြမယ်။ အားကစားနဲ့၊ စာပေနဲ့ သူတို့မှာ ပိုနေတဲ့ အချိန်တွေကို လမ်းကြောင်းမှန်ပေါ်မှာ စနစ်တကျ အကျိုးရှိစွာ အသုံးချနိုင်အောင် လုပ်ပေးထားရင် တော့ဖြင့် တစ်နည်းတစ်လမ်းအားဖြင့် ဒီဟာကို တားဆီးနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒါကြောင့်မိုလို့ တစ်ချိန်လုံး စောင့်ကြည့်ရမယ်။ တစ်ချိန်လုံးတိုက်ဖျက်ရမယ်။ တစ်ချိန်လုံးကာကွယ် ရမယ်။ ဆိုလိုတာက စဉ်ဆက်မပြတ် ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။

မနေ့က ကျွန်တော်တို့ OUT DOOR တစ်ခု ထွက်ပါတယ်။ အကုန်လုံးကပဲ ဒီကိစ္စဟာ ကော်မတီလေးတစ်ခုဖွဲ့ရင်ကောင်းမလား၊ ကော်မရှင်တစ်ခုဖွဲ့ရင်ကောင်းမလားဆိုတဲ့ အတွေးအခေါ်လေး တစ်ခု တွက်ဆမိကြပါတယ် မနေ့က ။ အဲဒါကြောင့်မိုလို့ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်မှာ၊ မေးချင်တဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ်မှာ မူးယစ်ထုံထိုင်းဆေးနှင့် စိတ်ကိုရူးကြွစေသောဆေးများ ရောင်းဝယ်မှု အလွန်အမင်း မြင့်မားနေတဲ့အတွက် လူငယ်များရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ အနာဂတ်ဘဝအတွက် မိဘပြည်သူများစိတ်သောက ရောက်နေကြပါ၍ အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါသည်ဆိုတဲ့ မေးခွန်းတွေမေးထားပါတယ်။ မြို့ရွာအတွင်း ကွမ်းယာဆိုင်ကဲ့သို့ ဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်းကို ရပ်ဆိုင်းသွားရန် လုပ်နိုင်ခြင်းရှိ/မရှိ။ မူးယစ်ထုံထိုင်းနှင့် စိတ်ကို ရူးသွပ်စေသော ဆေးများကို သုံးစွဲသူများအား ဖမ်းဆီးရရှိမှု မည်မျှရှိပါသလဲ။ ရောင်းချသူများအား မည်မျှဖမ်းဆီးရရှိသည်။ မူးယစ်ဆေးသုံးစွဲသူ လူငယ်များအား တားဆီးနိုင်ရန် မည်ကဲ့သော ပညာပေးမှုများ၊ စောင့်ကြည့်မှုများ မည်သို့လုပ်ဆောင်နေသည်။ ကြီးထွားလာသောအန္တရာယ်ရှိသည့် ဤတရားဥပဒေအရခွင့်မပြုသော မူးယစ်နှင့် စိတ်ကို၊ စိတ်ကြွစေသော ဆေးများရောင်းဝယ်မှုကို မည်ကဲ့သို့ နှိမ်နင်းသွားရန် အစီအမံများ လုပ်ထားသည်ကို သိချင်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၈။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးများ မေးမြန်းတဲ့မေးခွန်းများကို ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း က တစ်ခုချင်း ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

အခုပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ရဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ကံသာယာကျေးရွာမှာရှိတဲ့ လူနေအိမ်ခြေများကို ဂရန်မြေအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့

ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ကံသာယာကျေးရွာဟာ ခရိုင်ချင်းဆက်လမ်းနဲ့ ဂျိုးဖြူကန်သွားတဲ့ လမ်းကြားမှာတည်ရှိပြီးတော့ ဆင်စခန်းကျေးရွာအုပ်စု အတွင်းမှာပါဝင်ပါတယ်။ ပြည်ထဲရေးအမည်ပေါက်စာရင်းမှာ ဂိတ်ကုန်းကျေးရွာလို့ အမည်ပေါက်လျက် ရှိပါတယ်။ ၎င်းကျေးရွာဟာ စားကျက်မြေအတွင်းမှာရှိပြီးတော့ ဧရိယာအကျယ်အဝန်း(၂၁၀.၈၀)ဧက ပေါ်မှာရှိတဲ့အနက် ဧက(၇၀)ပေါ်မှာ နေအိမ်များစုဖွဲ့နေထိုင်ရာမှ မူလဂိတ်ကုန်းရွာနဲ့ ပေါင်းစည်းပြီးတော့ ဂိတ်ကုန်းကျေးရွာအမည်ပျောက်ပြီးတော့ ကံသာယာကျေးရွာလို့ ခေါ်တွင်ခဲ့ခြင်း ဖြစ်ပါတယ်။

လက်ရှိ ကံသာယာကျေးရွာမှာ အိမ်ခြေ(၁၀၅)လုံး၊ အိမ်ထောင်စု(၁၂၀)စု၊ လူဦးရေ(၄၅၀)ခန့် နေထိုင်လျက်ရှိကြပြီးတော့ ဘုန်းတော်ကြီးကျောင်း(၁)ကျောင်း၊ မူလတန်းကျောင်း(၁)ကျောင်း၊ စာကြည့် တိုက် (၁)ခု၊ ရဲကင်း(၁)ခု၊ ကျေးရွာဘောလုံးကွင်း(၁)ကွင်း၊ သောက်ရေကန်(၁)ခု၊ (၁၂၀)KVA လျှပ်စစ် ထရန်စဖော်မာ(၁)ခုနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး(၁)ရုံးတို့ တည်ရှိလျက်ရှိပါတယ်။ ကံသာယာ ကျေးရွာ ဟာ စားကျက်မြေအတွင်းမှာ ကျရောက်နေလို့ စားကျက်မြေမှပယ်ဖျက်ပြီးတော့ ကျေးရွာမြေ အဖြစ် သတ်မှတ်ပေးရေးအတွက် ၎င်းကျေးရွာမှာနေတဲ့ ဦးအောင်ဟန် ကနေဦးဆောင်ပြီးတော့မှ ၂၅-၈-၂၀၁၄ ရက်နေ့ ရက်စွဲပါစာနဲ့ တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို တင်ပြခဲ့ပါတယ်။ သူ့ရဲ့ တင်ပြချက်အရ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီရဲ့ ၅-၉-၂၀၁၄ ရက်နေ့ အစည်းအဝေး အမှတ်စဉ်(၂၃/၂၀၁၄)အရ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေး နဲ့ကုသရေးဦးစီးဌာနများသို့ သဘောထားမှတ်ချက် တောင်းခံထားရှိတယ်လို့ သိရှိရပါတယ်။

စားကျက်မြေပယ်ဖျက်ပြီးတော့ ကျေးရွာမြေအဖြစ် သတ်မှတ်ရေးနဲ့ ပတ်သက်ပြီး တိုက်ကြီးမြို့ နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းများနဲ့အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးချုပ်မှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနကို စားကျက်မြေပယ်ဖျက်ခွင့် အမှုတွဲဖွင့်လှစ် တင်ပြရမှာ ဖြစ်ပါတယ်။ စားကျက်မြေပယ်ဖျက်ခွင့် ကျပြီးရင် ကျေးရွာအဖြစ်ပြင်ဆင်ဖွဲ့စည်းနိုင်ရေး ပြည်ထဲရေး အမည်ပေါက် ဂိတ်ကုန်းကျေးရွာအစား ကံသာယာကျေးရွာအဖြစ် အမည်ပြောင်းလဲနိုင်ရေးတို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၅၄ နဲ့အညီ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော် သမ္မတ ထံ ထောက်ခံတင်ပြသွားရမှာဖြစ်ပါကြောင်းနဲ့ ခွင့်ပြုချက်ရရှိပါက ပြည်ထဲရေးဝန်ကြီးဌာနမှ အမည်ပေါက်ကျေးရွာဖြစ်ရေး ဥပဒေ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ပြီးမှသာ ဂရန်ရရှိရေးကို ဆက်လက်လျှောက်ထား ဆောင်ရွက်သွားရမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှဝင်းအောင် ရဲ့ မြန်မာနိုင်ငံအတွင်းမှာ မီးလောင်ကျွမ်းမှုများ ငြိမ်းသတ်နိုင် ရန်နဲ့ ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်နိုင်ရန် ရဟတ်ယာဉ်များ ဝယ်ယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ်အထိ မီးသတ်ဦးစီးဌာနရဲ့ မီးသတ် စခန်းဖွဲ့စည်းပုံမှာ (၅)ယူနစ်အဆင့် မီးသတ်စခန်း(၇၁)စခန်း၊ (၃)ယူနစ်အဆင့် မီးသတ်စခန်း(၂၂၈)စခန်း၊ (၂)ယူနစ်အဆင့် မီးသတ်စခန်း(၅၀)စခန်း စုစုပေါင်း မီးသတ်စခန်း(၃၄၉)စခန်းနဲ့ ဖွဲ့စည်းထားပြီးတော့ ဝန်ထမ်းအင်အားမှာ အရာထမ်း(၁၇၃)ဦး၊ အမှုထမ်း(၆၉၉၄)ဦး စုစုပေါင်း(၇၁၆၇)ဦးလို့ သတ်မှတ်ထား ပါတယ်။ အဲဒီအချိန်မှာ ခန့်အပ်ထားတဲ့အင်အားကတော့(၂၇၇၆)ဦး ဖြစ်ပါတယ်။ မီးသတ်ဦးစီးဌာနမှာ မီးငြိမ်းသတ်ယာဉ်(၈၄၆)စီး၊ ရေသယ်ယာဉ်(၂၆၄)စီး၊ မီးသတ်စက်ယာဉ်(၁၃၉)စီး၊ အထောက်အကူပြု

ယာဉ် (၄၉)စီး စုစုပေါင်း မီးသတ်ယာဉ်(၁၂၉၈)စီးနဲ့ နိုင်ငံတော်ရဲ့ မီးဘေးလုံခြုံရေးနဲ့ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

မီးသတ်ဦးစီးဌာနကို ၆-၁၁-၂၀၁၂ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခဲ့ပြီးတဲ့နောက်မှာ ရည်မှန်းချက်တာဝန်များဖြစ်တဲ့ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ဖို့အတွက် စီမံပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတကာမီးသတ်တပ်ဖွဲ့နည်းတူ မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေဖို့အတွက် မူလဖွဲ့စည်းပုံအင်အား(၇၁၆၇)ဦးကို ပြင်ဆင်ပြီး အင်အား(၁၉၂၉၆)ဦးနဲ့ တိုးချဲ့ဖွဲ့စည်းခဲ့ရာမှာ အခုအခါမှာတော့ အရာထမ်း(၂၁၅)ဦး၊ အမှုထမ်း(၅၃၂၁)ဦး စုစုပေါင်း(၅၅၃၆)ဦးကို ခန့်အပ်ထားပြီးဖြစ်ပါတယ်။ အလားတူမြို့နယ်မီးသတ်စခန်း(၃၃၀)ခု နဲ့ နယ်မြေမီးသတ်စခန်း(၄၂၈)ခု တိုးချဲ့ဖွဲ့စည်းခွင့်ပြုမိန့်ရရှိခဲ့ပြီးတော့ မြို့နယ်မီးသတ်စခန်းတစ်ခုမှာ မီးငြိမ်းသတ်ယာဉ်(၂)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ မီးသတ်စက်ယာဉ်(၁)စီး စုစုပေါင်း မီးသတ်ယာဉ် (၄)စီး၊ နယ်မြေမီးသတ်စခန်းတစ်ခုမှာ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး စုစုပေါင်းမီးသတ်ယာဉ်(၂)စီးနှုန်းနဲ့ စုစုပေါင်းမီးသတ်ယာဉ်အားလုံး (၂၁၇၆)စီး ပြည့်မီအောင်ဖြည့်တင်းဆောင်ရွက်လျက် ရှိပါတယ်။ တိုးချဲ့ဖွဲ့စည်းပုံအရ မီးသတ်ယာဉ်ပြည့်မီရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းမီးသတ်ယာဉ်(၃၉၅)စီးကို ဝယ်ယူဖြည့်တင်းခဲ့ပြီးတော့ ယခင်ရှိထားတဲ့မီးသတ်ယာဉ် (၁၂၉၈)စီးအနက်မှာ အနှစ်(၄၀)သက်တမ်းလွန် မီးသတ်ယာဉ် (၄၅၄)စီးရှိတဲ့အတွက် ဒါတွေကိုအစားထိုးလဲလှယ်ပေးလျက် ရှိပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မီးသတ်ယာဉ်(၇၉၂)စီး ဖြည့်တင်းနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ဒုတိယအပတ်အထိ စုစုပေါင်းမီးသတ်ယာဉ်မျိုးစုံ (၁၃၇၈)စီး နဲ့ မီးသတ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိကို စုစုပေါင်း မီးသတ်စခန်းနဲ့ဝန်ထမ်းနေအိမ် (၂၁၅)လုံး ဆောက်လုပ်ဖြည့်တင်းနိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မီးသတ်စခန်းနဲ့ ဝန်ထမ်းနေအိမ် (၂၁၅)လုံး ဆောက်လုပ်လျက်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဖွဲ့စည်းပုံအရထပ်မံလိုအပ်နေတဲ့ မီးသတ်ယာဉ်များဖြည့်တင်းခြင်း၊ မီးသတ်စခန်းနဲ့ ဝန်ထမ်းနေအိမ်များ ဖြည့်တင်းခြင်းတို့အတွက် ဘဏ္ဍာငွေများတင်ပြတောင်းခံရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်များရဲ့ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားရေးအတွက်လည်း ပြည်တွင်း၊ ပြည်ပသင်တန်းများ တက်ရောက်စေခြင်း၊ နည်းပညာဆိုင်ရာဆွေးနွေးပွဲတွေ ကျင်းပပြုလုပ်ခြင်း၊ ခေတ်မီအီလက်ထရောနစ် နည်းပညာပစ္စည်းများတပ်ဆင်သုံးစွဲရေး ဆောင်ရွက်ခြင်းများ ပြုလုပ်လျက် ရှိပါတယ်။ မီးသတ်ရေးနဲ့ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ရဟတ်ယာဉ်နဲ့ ဆောင်ရွက်နိုင်ဖို့အတွက် ဗဟိုမီးသတ်သင်တန်းကျောင်းနဲ့ လေ့ကျင့်ရေးဌာနစုတို့မှာ ရဟတ်ယာဉ်ပုံစံတုနဲ့ လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအနေအထားမှာတော့ မီးသတ်တပ်ဖွဲ့ဝင်အင်အားတိုးချဲ့ဖွဲ့စည်းခြင်း၊ မီးသတ်ယာဉ်မျိုးစုံကို ဖွဲ့စည်းပုံပြည့်မီအောင် ဖြည့်တင်းရခြင်း၊ သက်တမ်းလွန် မီးသတ်ယာဉ်များကို အစားထိုးဖြည့်တင်းရခြင်း၊ မီးသတ်စခန်းများနှင့် ဝန်ထမ်းနေအိမ်များ ဖြည့်တင်းရခြင်း၊ ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်း ကိရိယာများ

ဖြည့်တင်းရခြင်းတို့ကို ဘဏ္ဍာရေးနှစ် အလိုက်ပြည့်မီအောင် ဆောင်ရွက်နေရတဲ့အတွက် မြန်မာနိုင်ငံအတွင်း မီးလောင်ကျွမ်းမှုများ ငြိမ်းသတ်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်နိုင်ဖို့အတွက် ရဟတ် ယာဥ်များ ဝယ်ယူဆောင်ရွက်မယ့် အစီအစဥ် မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကချင်ပြည်နယ်၊ အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂမ်ဆိုင်းရဲ့မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာရှိတဲ့ အချုပ်ယာဥ်တွေကို နိုင်ငံတကာအဆင့်မီ အချုပ်ယာဥ်များအဖြစ် အစားထိုးဖြည့်ဆည်းပေးရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အသင့်ရောက်ရှိလာတဲ့အချုပ်ယာဥ်များကို ဝိုင်းမော်မြို့နယ်အတွက် (၁)စီး ခွဲဝေပေးရန်အစီအစဥ် ရှိ/မရှိ မေးခွန်းကို တင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေနဲ့ အချုပ်ယာဥ်အသစ် (၄၃)စီး ဝယ်ယူခဲ့ပါတယ်။ အဲဒီ အချုပ်ယာဥ်အသစ်များအနက် အရန်အသင့်(၂)စီးထားရှိပြီးတော့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ကို (၂၄)စီး၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ကို (၈)စီးနဲ့ နေပြည်တော်ရဲတပ်ဖွဲ့ကို (၄)စီး၊ မြဝတီ၊ တမူး၊ ကော့သောင်း၊ တာချီလိတ်၊ မူဆယ်စတဲ့ မြို့နယ်ရဲတပ်ဖွဲ့များကို (၁)စီးစီ ခွဲဝေထုတ်ပေးထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် မူလရှိပြီး အချုပ်ယာဥ်ဟောင်း(၃၂)စီးကို အချုပ်ယာဥ်မရှိသေးတဲ့ ခရိုင်အဆင့်မြို့နယ်များကို ဦးစားပေးအစီအစဥ်နဲ့ လွှဲပြောင်းထုတ်ပေးဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာရှိတဲ့ အချုပ်ယာဥ်များကို နိုင်ငံတကာအဆင့်မီ အချုပ်ယာဥ်အသစ်များနဲ့ အစားထိုးဖြည့်ဆည်းပေးဖို့အတွက် ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးအစီအစဥ်အတိုင်း ဝယ်ယူဖြည့်တင်းဆောင်ရွက်လျက်ရှိကြောင်းနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်းမှာ အသစ်ရောက်ရှိလာတဲ့ အချုပ်ယာဥ်များအနက်မှ ဝိုင်းမော်မြို့နယ်အတွက် (၁)စီး ခွဲဝေထုတ်ပေးရန်အစီအစဥ် မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ်၊ အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင်ရဲ့ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဇင်ချောင်းကျေးရွာကို မြို့အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဥ် ရှိ/မရှိ မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်၊ ဇင်ချောင်းကျေးရွာအုပ်စုမှာ ကျေးရွာ(၆)ရွာနဲ့ ဖွဲ့စည်းထားပြီးတော့ အိမ်ခြေ (၁၂၄၂)လုံး၊ အိမ်ထောင်စု (၁၂၇၀) စု နဲ့ လူဦးရေ(၅၀၀၃)ဦး နေထိုင်လျက်ရှိပါတယ်။ ဇင်ချောင်းကျေးရွာအုပ်စုဟာ ကျောက်ဖြူမြို့နဲ့ (၂၈)မိုင်၊ ရမ်းဗြဲမြို့နဲ့ (၂၀)မိုင်ကွာဝေးပြီးတော့ ရန်ကုန်-ကျောက်ဖြူ ကားလမ်းမပေါ်မှာတည်ရှိပြီးတော့ အဲဒီကျေးရွာအုပ်စုမှာ တိုက်နယ်ဆေးရုံ၊ ကျေးလက် ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ အခြေခံပညာအဆောက်အဦများ၊ မူလတန်းကျောင်း၊ ကျေးလက်စာကြည့်တိုက်၊ ကျေးလက်ဈေးတို့ တည်ရှိပါတယ်။ ဒေသခံများအနေနဲ့ လယ်ယာလုပ်ငန်းနဲ့ ရေလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိပါတယ်။ ကျောက်ဖြူမြို့နယ်၊ စနဲကျေးရွာအုပ်စုဟာ ကျေးရွာ (၈)ရွာနဲ့ ဖွဲ့စည်းထားပြီးတော့ ဇင်ချောင်းကျေးရွာအုပ်စုနဲ့ (၇)မိုင်ခန့်အကွာမှာ တည်ရှိပါတယ်။ ၂၀၁၄ ခုနှစ် ဩဂုတ်လ(၂၁)ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရခိုင်ပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေးမှာ စနဲကျေးရွာအုပ်စုကို စနဲမြို့အဖြစ် တိုးချဲ့ဖွဲ့စည်းပေးရန်အဆိုနှင့် စပ်လျဥ်းလို့ ဒေသခံပြည်သူ လူထုက ထောက်ခံခဲ့ပြီးဖြစ်ပါတယ်။ စနဲကျေးရွာအုပ်စုကို စနဲမြို့အဖြစ် တိုးချဲ့ဖွဲ့စည်းဖို့ ပြည်နယ် လွှတ်တော်ကလည်း သဘောတူညီခဲ့ပြီးဖြစ်တဲ့အတွက်

ကျောက်ဖြူခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက်စွဲပါ စာအမှတ်၊ ၅၄၁၀/၃/၃-၃/ဦး ၁ နဲ့တင်ပြထားတဲ့အပေါ် စနဲမြို့တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းအမှုတွဲကို ရခိုင်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ(၂၉)ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ရခိုင်ပြည်နယ် လွှတ်တော်ဒသမ ပုံမှန်အစည်းအဝေးမှာ ဇင်ချောင်းကျေးရွာအုပ်စုကို ဇင်ချောင်းမြို့အဖြစ် အဆင့်တိုးမြှင့်ပေးပါရန် ပြည်နယ်အစိုးရအဖွဲ့မှ တင်ပြပေးနိုင်ရေးတိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းလို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စနဲမြို့အဖြစ် တိုးချဲ့ဖွဲ့စည်းဖို့ လျာထားပြီးဖြစ်တဲ့အတွက် ဇင်ချောင်းမြို့ ထပ်မံတိုးချဲ့ပေးရန် သဘောမတူကြောင်း ပြန်ကြားခဲ့ပါတယ်။ ပြည်နယ်လွှတ်တော်က ယင်းအဆိုကို မှတ်တမ်းတင်ခဲ့ကြောင်း သိရှိရပါတယ်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ(၁၇)ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၂၃/၂၀၁၄)ဆုံးဖြတ်ချက်အပိုဒ် ၄(ဖ)အရ မြို့အဖြစ် ဖွဲ့စည်းဖို့ စနဲကျေးရွာအုပ်စုအား အတည်ပြုကြောင်းနဲ့ ဇင်ချောင်းကျေးရွာအုပ်စုအား ဆိုင်းငံ့ထားရှိကြောင်း သိရှိရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ မှာ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းရန် ပေါ်ပေါက်လာလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ စနဲကျေးရွာအုပ်စုကို မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းဖို့ လျာထား ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဇင်ချောင်းမြို့အဖြစ် တိုးချဲ့ဖွဲ့စည်းဖို့ ဆိုင်းငံ့ထားရှိတာကြောင့် ဇင်ချောင်းကျေးရွာအုပ်စုကို မြို့အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ်၊ အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦးရဲ့ ရခိုင်ပြည်နယ်အတွင်းမှာ မူးယစ်ထုံထိုင်းဆေးနဲ့ စိတ်ကိုရူးကြွစေတဲ့ဆေးများ အလွန်အမင်းမြင့်မားနေခြင်း မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်နိုင်ဖို့အတွက် စစ်တွေမူးယစ်အထူးအဖွဲ့ကို ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်နေ့မှာ စတင်ပြီးတော့တာဝန်ပေးခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ(၈) ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၀၃) အရ မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနကို မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့ပြီးတော့ မူးယစ်တပ်ဖွဲ့ခွဲ(၁)(မန္တလေး)၊ မူးယစ်တပ်ဖွဲ့ခွဲ(၂) (တောင်ကြီး)၊ မူးယစ်တပ်ဖွဲ့ခွဲ(၃)(ရန်ကုန်)နှင့် သူ့ရဲ့ကွပ်ကဲမှုအောက်မှာ မူးယစ်တပ်ဖွဲ့စု(၅၀)နဲ့ ဖြန့်ခွဲတာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။ ထိုသို့တိုးချဲ့ဖွဲ့စည်းခဲ့ပြီးနောက်မှာ မူးယစ်တပ်ဖွဲ့စု(၄၆) (မောင်တော)၊ မူးယစ်တပ်ဖွဲ့စု(၄၇)(စစ်တွေ)နဲ့ မူးယစ်တပ်ဖွဲ့စု (၄၈)(ကျောက်ဖြူ)တို့နဲ့ ရခိုင်ပြည်နယ် အတွင်းမှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါတယ်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့ ရခိုင်ပြည်နယ်အတွင်းမှာ ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းထားခဲ့ရာမှာ ပြည်နယ်အဆင့် (၁)ဖွဲ့၊ ခရိုင်အဆင့်(၅)ဖွဲ့၊ မြို့နယ်အဆင့်(၁၇)ဖွဲ့၊ ရပ်ကွက်အဆင့်(၁၀၄)ဖွဲ့နဲ့ ကျေးရွာအုပ်စုအဆင့် (၇၁၂)ဖွဲ့ ရှိပါတယ်။ အဲဒီအဖွဲ့များအနေနဲ့ မိမိဒေသအတွင်းမှာ မူးယစ်ဆေးဝါးသုံးစွဲသူများ စာရင်းကောက်ယူခြင်း၊ ဆေးကုသရေးဌာနများမှာ ဆေးကုသမှုခံယူဖို့အတွက် ပညာပေးစည်းရုံးခြင်း၊ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာစေရေးအတွက် ပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့အနေနဲ့ ဒေသနဲ့ကိုက်ညီတဲ့ ပြည်သူလူထုပူးပေါင်းပါဝင်တဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက်ကို ၂၀၁၃ ခုနှစ်၊ မေလ(၁)ရက်နေ့မှစတင် ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးနဲ့ အိမ်သုံးဆေးဝါးများအလွဲသုံးမှု မရှိစေဖို့အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ နဲ့ နယ်မြေခံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်/ကောလိပ်၊ အခြေခံပညာကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံ၊ ဈေး၊ ကားဂိတ်၊ သင်္ဘောဆိပ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် လူမှုရေး အသင်းအဖွဲ့များမှာ ပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ပါတယ်။

ပညာပေးဟောပြောမှုအနေနဲ့ ၂၀၁၃ ခုနှစ်မှာ (၄၂၈)ကြိမ်၊ ပြည်သူလူထုနဲ့ ကျောင်းသူ/ကျောင်းသား စုစုပေါင်းအင်အား(၃၇၅၁၄)ဦး၊ ၂၀၁၄ ခုနှစ်အောက်တိုဘာလ (၁၅)ရက်နေ့အထိ (၃၃၀)ကြိမ်၊ ပြည်သူလူထုနှင့်ကျောင်းသူ/ကျောင်းသား စုစုပေါင်းအင်အား (၃၁၀၆၁)ဦးတို့ကို ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ လူစည်ကားရာနေရာများဖြစ်တဲ့ ဈေး၊ ကားဂိတ်၊ ရေဆိပ်တို့မှာ ပညာပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ်မှာ ပညာပေးလက်ကမ်းစာစောင်(၈၂၆၈)စောင်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအထိ ပညာပေးလက်ကမ်းစာစောင်(၅၉၂၅)စောင်တို့ကို ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

ရခိုင်ပြည်နယ်မှာ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများအနေနဲ့ ၂၀၁၃ ခုနှစ်မှာ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရရှိမှု (၃၄)မှု၊ ဆေးပြား(၂၇၉၂၉၇)ပြား၊ ဆေးခြောက်ဖမ်းဆီးမှု(၈)မှု၊ (၀.၂၉၇၁)ကီလိုအပါအဝင် မူးယစ်ဆေးဝါးအမှုပေါင်း(၄၉)မှုနဲ့ တရားခံ(၉၂)ဦး၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၃၀)ရက်နေ့အထိ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရရှိမှု(၃၇)မှု၊ ဆေးပြား(၁၀၃၆၅၆၉)ပြား၊ ဆေးခြောက်ဖမ်းဆီးမှု (၅)မှု၊ (၀.၀၅၃၅) ကီလိုအပါအဝင် မူးယစ်ဆေးဝါးအမှုပေါင်း(၅၀)မှု နှင့် တရားခံ (၆၉)ဦးတို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။ အဆိုပါဖမ်းဆီးရမိမှုများမှာ ဈေးဆိုင်ခန်း၊ တီဗွီဂိမ်းဆိုင်၊ ဘိလိယက်ခုံနဲ့ ကွမ်းယာဆိုင်များမှ ဖမ်းဆီးရမိမှု(၄)မှု ပါဝင်ပြီးတော့ ဖမ်းဆီးရမိတဲ့ တရားခံများအနက် သုံးစွဲရန် လက်ဝယ်ထားရှိမှု နဲ့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆(ဂ)အရ ဖမ်းဆီးရမိမှု(၃၀)၊ တရားခံကျား(၄၄)ဦး၊ မ(၈)ဦး၊ မူးယစ်ဆေးဝါးရောင်းချရန် လက်ဝယ်ထားရှိမှု နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉ (က)အရ ဖမ်းဆီးရမိမှု (၆၉)မှု၊ တရားခံကျား(၁၁၈)ဦး၊ မ(၂၄)ဦးတို့ ပါဝင်ပါတယ်။

ရခိုင်ပြည်နယ်အတွင်းကို မူးယစ်ဆေးဝါးများ ဝင်ရောက်မှုမရှိစေရေးအတွက် ပြည်နယ်အတွင်း ဝင်ထွက်ရာလမ်းကြောင်းတွေမှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇွန်လ (၂၉)ရက်နေ့မှာ ရန်ကုန်-စစ်တွေကားလမ်းမှာရှိတဲ့ ပဒါန်းလမ်းဆုံ ပူးပေါင်းစစ်ဆေးရေးဂိတ်မှာ စိတ်ကြွရူးသွပ်ဆေးပြား(၂)သိန်းနဲ့ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ(၁၀)ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်း၊ ကြံ့တိုင်းအောင် ကားဂိတ်မှ ဂိုဒေါင်အတွင်းမှာရှိတဲ့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ ပို့ဆောင်မည့်အဝတ်အစားဘေထုပ်အိတ်များအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား (၆.၉)သိန်း ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါကြောင့်မို့ ရခိုင်ပြည်နယ်အတွင်းမှာ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ဒေသခံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များမှ ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စုမူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနဲ့ပူးပေါင်းပြီးတော့ ပြည်သူ့လူထုအင်အားကိုရယူဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဖမ်းဆီးနိုင်ဖို့အတွက်ဆိုလို့ရှိရင် အဓိကအားဖြင့်တော့ပြည်သူလူထုပူးပေါင်းပါဝင်မှသာ အောင်မြင်မှုရရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ပြည်သူလူထုနှင့် ကျောင်းသားလူငယ်တွေကို ပညာပေးဟောပြောခြင်း၊ တားဆီးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှ ဒေသနဲ့ကိုက်ညီတဲ့ ပြည်သူလူထုပူးပေါင်းပါဝင်သော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅း၀၀)မိနစ်ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၃ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၃။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်း အဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁:၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေး ရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေ ကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂(က)(စ)(ဆ)(ဇ)(ဈ)

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) အစိုးရအဖွဲ့ ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အဖွဲ့ကို ဆိုသည်။

( စ ) မြန်မာ့ကမ်းရိုးတန်း ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ရေပြင် နယ်နိမိတ်အတွင်းရှိ ကမ်းရိုးတန်းကို ဆိုသည်။

(ဆ) ပြည်တွင်းရေကြောင်း ဆိုသည်မှာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သော ရေလမ်းကြောင်းကိုဆိုသည်။ ယင်းစကား ရပ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ် သော အခြားရေလမ်းကြောင်းတစ်ခုခုလည်း ပါဝင်သည်။

( ဇ ) ရေယာဉ်ဆိုရာတွင် စီးပွားရေးလုပ်ငန်းအလို့ငှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကို ဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ရေကြောင်း၌ သယ်ယူပို့ဆောင် ရေးအတွက် အသုံးပြုသော စက်တပ်ရေယာဉ် သို့မဟုတ် စက်မဲ့ရေယာဉ် တစ်မျိုးမျိုး ပါဝင်သည်။

(ဈ) ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆိုရာတွင် မြန်မာ့ကမ်းရိုးတန်း၌ဖြစ်စေ၊ ပြည်တွင်းရေကြောင်း၌ ဖြစ်စေ စီးပွားရေးအလို့ငှာ ခရီးသည်၊ ကုန်စည် သို့မဟုတ် ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကို ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်သည့် လုပ်ငန်း ကိုဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ဖြင့် လုပ်ကိုင်သော အခြားလုပ်ငန်း တစ်ခု ခုလည်း ပါဝင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က)(စ)(ဆ)(ဇ)(ဈ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(က)(စ)(ဆ)(ဇ)(ဈ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၄(ဇ)

၄။ ဝန်ကြီးဌာနသည် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ကြီးကြပ်ရန် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော ကြီးကြပ်ရေး ဗဟိုအဖွဲ့ကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည် -

(ဇ) တပ်ဖွဲ့မှူး အဖွဲ့ဝင် ရေကြောင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၄(ဇ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(ဇ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၆(ခ)(စ)(ဆ)

၆။ ကြီးကြပ်ရေးဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(ခ) လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်သည့် လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း၊ သက်ဆိုင်သည့် ခရီးစဉ်နှင့် နယ်မြေသတ်မှတ်၍ လုပ်ငန်း လိုင်စင် ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင် သက်တမ်း တိုးမြှင့်ခြင်း၊လုပ်ငန်းလိုင်စင်ပါ လုပ်ငန်းပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင် ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် အခကြေးငွေများ စည်းကြပ်ကောက်ခံခြင်း၊

( စ ) လိုအပ်ချက်ရှိပါက ရေယာဉ်များကို ရပ်တန့်၍ သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်း ရှိမရှိ စစ်ဆေးခြင်း၊ လိုအပ်သည့် စာရွက်စာတမ်း အထောက်အထား စသည်တို့ကို စိစစ်သိမ်းဆည်းခြင်းပြုရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ပေးခြင်း၊

(ဆ) ဤဥပဒေနှင့် ဤဥပဒေအရပြုသည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်သော ရေယာဉ်ကို တားဆီးခြင်းနှင့် ရေယာဉ်အား ယာယီထိန်းသိမ်းခြင်းတို့ကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆(ခ)(စ)(ဆ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆(ခ)(စ)(ဆ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၁၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃(ခ)၊ အပိုဒ် ၁၅(က)

၁၁။ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း တစ်ခုခုကိုဖြစ်စေ အားလုံးကိုဖြစ်စေ လုပ်ကိုင်လိုသူသည် သက်ဆိုင်သည့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ လုပ်ငန်းလိုင်စင် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၂။ ပုဒ်မ ၁၁ အရ လျှောက်ထားချက်ကို ရရှိသည့် ဒေသဆိုင်ရာ ကြီးကြပ်ရေး အဖွဲ့များသည်-

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုပါက နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ လုပ်ငန်းအမျိုးအစားအလိုက် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ထုတ်ပေး ရမည်။

၁၃။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် ပုဒ်မ ၁၂ ပုဒ်မခွဲ(ဂ)အရ တင်ပြချက်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး-

(ခ) ပုဒ်မခွဲ(က)အရခွင့်ပြုပါက သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် လျှောက်ထားသူအား လုပ်ငန်းအမျိုးအစားအလိုက် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးရမည်။

၁၅။ဝန်ကြီးဌာနသည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကို လုပ်ကိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် ရေယာဉ်များအား လုပ်ငန်းလိုင်စင်ရယူခြင်းနှင့် စပ်လျဉ်း၍ ကင်းလွတ်ခွင့်ပြုနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃(ခ)၊ အပိုဒ် ၁၅(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃(ခ)၊ အပိုဒ် ၁၅(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၇(က)

အခန်း(၇)

စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှု

၁၇။ ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သည် မိမိထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင် ရရှိသူက ဤဥပဒေအရပြုသည့် နည်းဥပဒေများ၊ အမိန့် သို့မဟုတ် ညွှန်ကြားချက် တစ်ခုခုကိုဖြစ်စေ၊ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက် တစ်ခုခုကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှု တစ်ခုခုကို ပြုလုပ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၇(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၇(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁(က)

၁၈။ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က ပုဒ်မ ၁၇ အရ ပြုလုပ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူ ဆောင်ရွက်မှု တစ်ခုခုကို မကျေနပ်သူသည် အရေးယူ ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကြီးကြပ်ရေး ဗဟိုအဖွဲ့သို့ အယူခံနိုင်သည်။

၁၉။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် ပုဒ်မ ၁၈ အရ အယူခံခြင်းကို စိစစ်ပြီး ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ အရေးယူ ဆောင်ရွက်မှုကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

၂၀။ ကြီးကြပ်ရေး ဗဟိုအဖွဲ့က ပုဒ်မ ၁၇ အရ ပြုလုပ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူ ဆောင်ရွက်မှု တစ်ခုခုကို မကျေနပ်သူသည် အရေးယူဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၂၁။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၂၀ အရ အယူခံခြင်းကို စိစစ်ပြီး ကြီးကြပ်ရေး ဗဟိုအဖွဲ့၏ အရေးယူဆောင်ရွက်မှုကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂၃(က)(ခ)

၂၃။ (က) မည်သူမဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်ငါးသိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။

( ခ ) ပုဒ်မခွဲ(က)ပါ ပြစ်မှုကို ထပ်မံကျူးလွန်လျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည်။ ထို့ပြင် ကျပ်တစ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၃(က)(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၃(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂၈၊ အပိုဒ် ၂၉

၂၈။ ကြီးကြပ်ရေး ဗဟိုအဖွဲ့နှင့် ဒေသဆိုင်ရာ ကြီးကြပ်ရေး အဖွဲ့များသည် ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေများနှင့် ဒဏ်ကြေးများအား ပေးဆောင်ရန် ပျက်ကွက်သူထံမှ တည်ဆဲ အခွန်အခဆိုင်ရာ ဥပဒေများနှင့် အညီ အရကောက်ခံရမည်။

၂၉။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကြီးကြပ်ရေး ဗဟိုအဖွဲ့ဝင်နှင့် ဒေသဆိုင်ရာ ကြီးကြပ်ရေး အဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်ဟု ပြင်ဆင်ထားပါတယ်။ နိုင်ငံ့ဝန်ထမ်းဖြစ်မှာပေါ့နော်။ ဝစ္စပေါက်ကျန်တယ်။ အောက်မှာ ပြည်သူ့ဝန်ထမ်းအပေါ်မှာ နိုင်ငံ့ဝန်ထမ်း။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၈၊ အပိုဒ် ၂၉ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၈၊ အပိုဒ် ၂၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်-

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၂(က)၊ အပိုဒ် ၃(ဃ)(င)(စ)၊ အပိုဒ် ၆(င)၊ အပိုဒ် ၈ တို့ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် မူလဥပဒေကြမ်း၏ အပိုဒ် ၂၀၊ အခန်း(၉)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားသည့်-

ဥပဒေကြမ်းခေါင်းစဉ်၊

အခန်း(၁)၊ အပိုဒ် ၂(ခ)(ဂ)(ဃ)(င)(ည)၊

အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃(က)(ခ)(ဂ)၊

အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဈ)(ည)၊ အပိုဒ် ၅၊

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၆(က)(ဂ)(ဃ)(င)(ဇ)၊ အပိုဒ် ၇ တို့နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၂(က)(ဂ)၊ အပိုဒ် ၁၃(က) အပိုဒ် ၁၄(က)(ခ)(ဂ)၊ အပိုဒ် ၁၅(ခ)၊ အပိုဒ် ၁၆၊

အခန်း(၇)၊ အပိုဒ် ၁၇(ခ)(ဂ)၊

အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၁(ခ)၊

အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁ တို့ကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ် တပ်ဖွဲ့ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပြည်ထဲရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၅။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းလို့ အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း က အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ၁၀-၁-၁၉၉၇ ခုနှစ်ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေပုဒ်မ ၁/၁၉၉၇ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး အခန်း(၁၃)ခန်း၊ ပုဒ်မ (၄၄)ခုပါဝင်ပါတယ်။ ဒီ ဥပဒေဟာ နိုင်ငံတော်ပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်း၊ ယဉ်ကျေးမှု အမွေအနှစ်များနဲ့ ပြည်သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်များကို ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရန်နှင့် မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ် အမျိုးမျိုး ကျရောက်တဲ့အခါမှာ တားဆီးရေး၊ ငြိမ်းသတ်ရေး၊ ကယ်ဆယ်ရေးတို့အတွက် မီးသတ်တပ်ဖွဲ့နဲ့အတူ အရန်မီးသတ်တပ်ဖွဲ့များ၊ သီးသန့်မီးသတ်တပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရန် ပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။

ဒီ ဥပဒေကို အောက်ဖော်ပြပါ အချက်များကြောင့် ရုပ်သိမ်း၍ အသစ်ရေးဆွဲ တင်ပြရခြင်း ဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေပြဋ္ဌာန်းချက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် စကားရပ် အသုံးအနှုန်းများဟာ ခေတ်ကာလ အခြေအနေနဲ့ လိုက်လျောညီထွေမှု မရှိတော့တဲ့အတွက် အသစ်ပြင်ဆင်ရေးဆွဲရန် လိုအပ်ခြင်း။ မီးဘေးလုံခြုံရေးအတွက် မီးသတိပြုရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး

လုပ်ငန်းများ ဆောင်ရွက်ရာမှာ ပိုမိုအကျိုးသက်ရောက်မှု ရှိစေရန်အတွက် အသစ်ပြင်ဆင် ရေးဆွဲရန် လိုအပ်ခြင်း သဘာဝဘေးအန္တရာယ်နဲ့ ရုတ်တရက် ဖြစ်ပွားတဲ့ ဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ထိရောက်လျင်မြန်စွာ တုန့်ပြန်ဆောင်ရွက်နိုင်စေရန် အတွက် အသစ်ပြင်ဆင်ရေးဆွဲရန် လိုအပ်ခြင်း။ ပြည်သူလူထုအတွင်းမှာ မီးဘေးလုံခြုံရေးနဲ့ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အသိပညာများ ပိုမိုစိမ့်ဝင် ပျံ့နှံ့စေရေး ဆောင်ရွက်စေနိုင်ရန်အတွက် မည်သို့သော သဘာဝဘေးအန္တရာယ် ကျရောက်လာသည်ဖြစ်စေ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် ဆုံးရှုံးမှု အနည်းဆုံး ဖြစ်စေရန် မီးသတ်တပ်ဖွဲ့ရဲ့ နည်းပညာနဲ့ စွမ်းဆောင်ရည် ပိုမိုမြင့်မားရေးတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေအသစ်ပြင်ဆင်ရေးဆွဲရန် လိုအပ်ခြင်း ဖြစ်ပါတယ်။

ဒီ အထက်ဖော်ပြပါ အခြေအနေများကြောင့် ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်း၍ အသစ်ပြင်ဆင်ရေးဆွဲရခြင်း ဖြစ်ပါတယ်။ အဆိုပါ အသစ်ပြင်ဆင်ရေးဆွဲထားသော မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းလို့ ဥပဒေစကားရပ် အသုံးအနှုန်း၊ ရေးထုံးရေးနည်း မှန်ကန်စေရန်အတွက် ပြည်ထောင်စု ရှေ့နေချုပ်ရုံးနဲ့ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းပြီးတော့ ဥပဒေကြမ်းပါ အခန်း(၁၃)ခန်း၊ ဥပဒေပုဒ်မ (၄၇)ခုတို့ကို စကားရပ်အစားထိုးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ခေတ်ကာလအခြေအနေနဲ့ လိုက်လျောညီထွေမှု မရှိတော့တဲ့ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းအပေါ် ကျွန်တော် ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က ထောက်ခံအပ်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား ဆွေးနွေး စဉ်းစားရန် -

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၉။**

**ဦးမြင့်ထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဂါရဝပြု ဆုတောင်းအပ်ပါတယ်။ ဥပဒေကြမ်းကော်မတီဝင် ကျွန်တော်ဦးမြင့်ထွန်း အနေနဲ့ ဥပဒေကြမ်း ကော်မတီ ဥက္ကဋ္ဌ ကိုယ်စား ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းပြီးတော့မှ အသစ်ရေးဆွဲတဲ့ မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြတဲ့ အစီရင်ခံစာကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီ ဥပဒေကြမ်းမှာ တွေ့ရှိချက် (၁၀)ချက် ဖြစ်တဲ့အတွက် ကြောင့် အချိန်ကို ငဲ့ကွက်တဲ့အနေနဲ့ ချုံ့ပြီးတော့ပဲ တင်ပြခွင့်ပြုပါလို့ ရိုသေစွာ ခွင့်တောင်းခံအပ်ပါတယ်။ ဒီ ဥပဒေဟာ အောက်တိုဘာလ ၁ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်က ကျွန်တော်တို့ဆီကို ပို့လိုက်တာ

ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကနေ အောက်တိုဘာလ ၃၀ မှာ မီးသတ်ဦးစီးဌာနက ညွှန်ကြားရေးမှူး ချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးတွေနဲ့ ကျွန်တော်တို့ တွေ့ဆုံပြီးတော့ အသေးစိတ် ညှိနှိုင်းခဲ့ပါတယ်။

လေ့လာတွေ့ရှိချက် အနေနဲ့ ပထမ (၁)ချက်ကတော့ (က)မှာ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေဆိုသည့် ခေါင်းစဥ်ဟာ ရှည်လျားနေတဲ့ အတွက်ကြောင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဥပဒေလို့ ကျွန်တော်တို့ ပြင်ဆင်ဖို့ သဘောတူပါတယ်။ နောက် အပိုဒ် ၂(ဂ)၊ (၁၃)(က) (၂၅)(၃၄)တို့မှာ မိုတယ်၊ ဈေး၊ လုပ်ငန်းဌာန ဆိုပြီးတော့ စကားရပ်က ပြည့်စုံအောင် မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင် အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာနဆိုပြီးတော့ ကျွန်တော်တို့ ပြင်ဖို့ သဘောတူကြပါတယ်။

ဒုတိယတွေ့ရှိချက်အနေနဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ ပေါက်ကွဲစေတတ်သော ပစ္စည်းတွေ ပါအောင်လို့ ကျွန်တော်တို့ အပိုဒ်(၂)ကို ဖြည့်စွက်ပြီး တော့မှ အစားထိုးပြင်ဆင်ဖို့ သဘောတူကြပါတယ်။ အဲဒီ အပိုဒ် ၂ ( င)က မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်း ကိရိယာနဲ့ ပတ်သက်ပြီးတော့မှ မီးဘေးလုံခြုံရေးအတွက် အသုံးပြုတဲ့ မီးလန့်အချက်ပေး ပစ္စည်းကိရိယာ၊ မီးလောင်မှုဆိုင်ရာ အာရုံခံပစ္စည်းကိရိယာ၊ အရေးပေါ်လွတ်မြောက်မှုအတွက် အသုံးပြုတဲ့ ပစ္စည်းကိရိ ယာ၊ မီးငြိမ်းသတ်ဖို့နဲ့ဆိုင်တဲ့ မီးသတ်ဆေးဘူး၊ မီးသတ်စက်၊ ရေစုပ်စက်၊ ယာဥ်အမျိုးမျိုး၊ မီးကာနဲ့ မီးသတ်ဝတ်စုံအမျိုးမျိုး၊ ဆက်သွယ်ရေးကိရိယာ ဒါမှမဟုတ် မီးငြိမ်းသတ်ရန် အသုံးပြုတဲ့ အခြားပစ္စည်း အမျိုးမျိုးဆိုပြီးတော့ ကျွန်တော်တို့ပြင်ပါတယ်။ ဒါ့အပြင် မီးသတ်တပ်ဖွဲ့မှာသုံးတဲ့ ရှာဖွေ ကယ်ဆယ် ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာ၊ မီးသတ်ဦးစီးဌာနက ထုတ်ပြန်တဲ့ အမိန့်၊ ကြေငြာစာတွေမှာ သတ်မှတ် ထားတဲ့ ပစ္စည်းကိရိယာတွေပါဝင်တယ်ဆိုတာ ထည့်ဖို့ ကျွန်တော်တို့ သဘောတူ ကြပါတယ်။

အလားတူပဲ ၂(ဇ)မှာလည်းပဲ ပေါက်ကွဲစေတတ်တဲ့ ပစ္စည်းတွေနဲ့ ပတ်သက်လို့ ဓာတုဗေဒ ပစ္စည်းအမျိုးမျိုး၊ ယမ်းနဲ့သုံးတဲ့ ပစ္စည်းတွေ၊ ပေါက်ကွဲမှုတွေနဲ့ဆိုင်တဲ့ ပစ္စည်းအားလုံး အထူးသဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်၊ ကြော်ငြာစာနဲ့ ထုတ်ပြန်ထားတဲ့ ပေါက်ကွဲစေနိုင်တဲ့ ပစ္စည်းတွေ၊ သတ်မှတ်ပစ္စည်းတွေ ပါဝင်တယ်လို့ ကျွန်တော်တို့ ထည့်သွင်းဖို့ သဘောတူကြပါတယ်။

၂ (ဍ)မှာလည်း မီးသတ်ဦးစီးဌာနမှူး ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးဌာန၏ အကြီးအမှူးကို ဆိုသည်ဆိုပြီး ကျွန်တော်တို့ ထည့်ဖို့ ညှိနှိုင်းရရှိကြပါတယ်။

တွေ့ရှိချက်၊ တတိယအချက် အနေနဲ့ (ဂ)မှာ တည်ဆဲဥပဒေတွေနဲ့ အဓိပ္ပါယ်ဖွင့်ထားတဲ့ အခါမှာ အပိုဒ် ၂ မှာ မီးဘေးအန္တရာယ် ဖြစ်စေသည့် ပစ္စည်းဆိုသည်မှာ "ဆိုသည်မှာကို " ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းနဲ့ ညီသွားအောင် "ဆိုရာတွင်" ဆိုပြီး ပြင်ပါတယ်။ အလားတူပဲ အပိုဒ် ၂ မှာပဲ မီးဘေး အန္တရာယ် စိုးရိမ်ရသော လုပ်ငန်းဆိုသည်မှာ ပါတဲ့အတွက်ကြောင့် "ဆိုသည်မှာ" နေရာမှာ "ဆိုရာတွင်" ဆိုပြီးတော့ ကျွန်တော်တို့ သုံးပါတယ်။ အပိုဒ် ၂ မှာပဲ ကျွန်တော်တို့ ဖြည့်စွက်ဖို့ သင့်တာတွေ တွေ့တဲ့ အတွက်ကြောင့် ကျွန်တော်တို့ ဖြည့်စွက်စရာတွေ ဖြည့်ထည့်လိုက်ပါတယ်။

အဲဒါကတော့ အပိုဒ် ၂ (ဃ) မီးဘေးလုံခြုံရေးဆိုသည်မှာ မီးဘေးအန္တရာယ် အသိပညာ ပေးရေး၊ ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဆိုသည်။ အဆိုပါ

လုပ်ငန်းများတွင် အခြားသော ဘေးအန္တရာယ် ကင်းရှင်းရေးကိစ္စရပ်များအတွက် ဆောင်ရွက်ခြင်းများလည်း ပါဝင်သည်ဆိုပြီး ဖြည့်ပါတယ်။

အပိုဒ် ၂ (ဈ)မှာ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးခြင်းဆိုသည်မှာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သတ်မှတ်ပြဋ္ဌာန်းထားသည့် ကျင့်ထုံးများနှင့်အညီ မီးသတ်ဦးစီးဌာန သို့မဟုတ် ယင်းကတာဝန်ပေးအပ်သူက စစ်ဆေးဆောင်ရွက်သည့် လုပ်ငန်းကို ဆိုသည်ဆိုပြီးတော့ ဖြည့်စွက်သင့်တဲ့အကြောင်း ကျွန်တော်တို့ ညှိနှိုင်းတွေ့ရှိရပါတယ်။

စတုတ္ထ လေ့လာတွေ့ရှိချက်အနေနဲ့ စကားရပ်တွေ ကျွန်တော်တို့ အစားထိုးလိုက်ပါတယ်။ အဲဒါတွေကတော့ ပြည်သူတို့ရဲ့ အေးချမ်းသာယာရေးနဲ့ တရားဥပဒေ စိုးမိုးရေးအတွက် လိုအပ်လာပါက ပါဝင်ကူညီဆောင်ရွက်ရန် ဆိုပြီးတော့ ကျွန်တော်တို့ ဖြည့်တာရှိပါတယ်။ နောက် မီးဘေးလုံခြုံရေးအဖွဲ့ တိတိကျကျ သတ်မှတ်နိုင်အောင်လို့ စကားရပ်တွေ အစားထိုးပါတယ်။ အောက်ပါပုဂ္ဂိုလ်များပါဝင်သော မီးဘေးလုံခြုံရေး ဗဟိုအဖွဲ့ကို သတ်မှတ်ထားသည့်အတိုင်း ဖွဲ့စည်းရမည်ဆိုပြီးတော့ ဖြည့် ပါတယ်။

နောက် အပိုဒ် ၄ (က)၊ အပိုဒ်ခွဲငယ်(၃)မှာတော့ စကားရပ် အစားထိုးလိုက်တာက ပြည်ထောင်စု နယ်မြေ ကောင်စီဝင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အဖွဲ့ဝင် ဆိုပြီးတော့ ဒါ ပထမက မပါလို့ ကျွန်တော်တို့ ဖြည့်လိုက်ပါတယ်။ နောက် အပိုဒ် ၄ (က)၊ အပိုဒ်ခွဲငယ် (၇)မှာလည်း ကျွန်တော်တို့ အစားထိုးတာ ညွှန်ကြားရေးမှူးချုပ်၊ အတွင်းရေးမှူး ဆိုပြီးတော့ ကျွန်တော်တို့ ညှိနှိုင်းသဘောတူတာ ဖြစ်ပါတယ်။

နောက် ပြည်တွင်း/.ပြည်ပ စေတနာရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများ၊ နည်းပညာ အကူအညီများ ဆိုပြီးတော့ ကျွန်တော်တို့ ဖြည့်ပါတယ်။ အဲဒါ လက်ခံရယူခြင်း၊ ယင်းလှူဒါန်းငွေများ၊ ပစ္စည်းများကို ဆိုတဲ့နေရာမှာ "များ"နဲ့ "ကို"ကြားမှာ နည်းပညာ အကူအညီများဆိုတာကို ကျွန်တော်တို့ ဖြည့်စွက်ဖို့ ညှိနှိုင်းသဘောတူညီ ကြပါတယ်။

နောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုတဲ့ စကားရပ်ကိုလည်း ပြည်ထောင်စုနယ်မြေ ကျန်တဲ့ အတွက်ကြောင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုတဲ့ စကားရပ် အစားထိုးဖို့ သဘောတူပါတယ်။

အပိုဒ် ၈(က)မှာ မီးဘေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ မီးဘေးအန္တရာယ်ဆိုပြီး "အန္တရာယ်"ကျန်လို့ ကျွန်တော်တို့ ထည့်ပါတယ်။ အခြား သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါ ဘေးအန္တရာယ်ဆိုပြီးတော့ ဒါလည်း ကျန်ခဲ့လို့ "ကပ်ရောဂါ ဘေးအန္တရာယ်" ဆိုပြီးတော့ ကျွန်တော်တို့ ထည့်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ စကားရပ် အစားထိုးတာက အပိုဒ် ၈ (ခ)မှာ မီးသတ်ဝန်ထမ်းများက လေ့ကျင့်သင်ကြားထားသည့် သတ်မှတ် အရည်အချင်းနှင့် ပြည့်စုံသောဆိုတာ ပါမလာလို့ ကျွန်တော်တို့ ဒါ အရန်မီးသတ်တပ်ဖွဲ့အတွက် ထည့်လိုက်တာ ဖြစ်ပါတယ်။ နောက် အရန်မီးသတ်တပ်ဖွဲ့တွေ ကို ဖွဲ့စည်းရတဲ့ နေရာမှာ လိုအပ်တဲ့အချက်တွေ ကျွန်တော်တို့ ထပ်မံပြီးတော့ ညှိပြီးတော့ ထည့်တာလေးတွေလည်း ပုဒ်မခွဲလေးတွေ ပြင်တာရှိပါတယ်။

နောက် အပိုဒ် ၉၊ လေ့လာတွေ့ရှိချက် (၅) အနေနဲ့ အပိုဒ် ၉(ဃ)မှာ အရန်မီးသတ်တပ်ဖွဲ့ အဆင့်ဆင့်၏ ငွေကြေးဆိုင်ရာ ရရှိခြင်း၊ ထိန်းသိမ်းခြင်း, သုံးစွဲခြင်းနည်းလမ်းများကို သတ်မှတ်ရမည်ဆိုတဲ့

စကားရပ်မှာ ကျွန်တော်တို့ "ရရှိခြင်း" စကားရပ်ကို ထည့်ဖို့ ကျွန်တော်တို့ ညှိနှိုင်းသဘောတူပါတယ်။ နောက် အပိုဒ် ၁၂၊ ဖော်ပြထားတာက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စု နယ်မြေ အစိုးရ ဆိုပြီးတော့ ပါသွားတဲ့အတွက်ကြောင့် "အစိုးရ" နေရာမှာ "ကောင်စီ" ဆိုတဲ့ စကားလုံး ကျွန်တော်တို့ ထည့်ပါတယ်။ အဲဒီမှာ ပြည်ထောင်စုနယ်မြေ ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရတို့သည် လိုအပ်ပါက ဆိုပြီးတော့ ပြင်လိုက်တာဖြစ်ပါတယ်။

နောက် စကားရပ် ကျစ်လစ်မှုရရှိအောင် အစားထိုးလိုက်တာက အပိုဒ် ၁၄(ဂ)မှာ မီးဘေး လုံခြုံရေးဆိုင်ရာ ပညာရပ်များ လေ့ကျင့်သင်ကြားရေး၊ ကျွမ်းကျင်မှုရှိစေရေးနှင့် နည်းပညာများ ရရှိစေ ရေးအတွက် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားမှုကို ခံယူရမည်ဆိုသည့် စကားရပ်ကို ကျွန်တော်တို့ ထည့်ဖို့ ညှိနှိုင်းသဘောတူကြပါတယ်။

အပိုဒ် ၁၆(ခ)မှာလည်းပဲ ဒီ "လိုအပ်သလို"ဆိုတဲ့ စကားရပ်က အနည်းငယ်လွဲနေတဲ့အတွက် ကြောင့် "သတ်မှတ်ချက်များနဲ့ အညီ"ဆိုပြီးတော့ ကျွန်တော်တို့ ပြောင်းလဲထည့်ပါတယ်။ အပိုဒ် ၁၇(ခ)မှာ ဇည့်ဂေဟာ သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း ဆိုတဲ့ နေရာမှာ တည်းခိုခန်းလုပ်ငန်း ဆိုပြီးတော့ ကျွန်တော်တို့ ထည့်ပါတယ်။ အပိုဒ် ၁၇(ဂ)မှာလည်းပဲ သိုလှောင်ရုံနှင့် သိုလှောင်ကန်များ ဆောက်လုပ် ခြင်း သို့မဟုတ် တည်ဆောက်ခြင်းဆိုတဲ့ နေရာမှာ "သို့မဟုတ် တည်ဆောက်ခြင်း"ဆိုတဲ့ စကားက အပို ဖြစ် နေတဲ့အတွက်ကြောင့် ဒါကို ကျွန်တော်တို့ ဖြုတ်ဖို့ သဘောတူကြပါတယ်။

ဆဋ္ဌမ လေ့လာချက်၊ တွေ့ရှိချက် အနေနဲ့ အပိုဒ် (စ)မှာ မြန်မာစာ အရေးအသား ပိုပြီးတော့ ပြည့်စုံသွားအောင် အပိုဒ် ၁၈ မှာ မီးသတ်ဦးစီးဌာန၏ သဘောထားကို ရယူဆောင်ရွက်ရမည်ဆိုပြီး "ဆောင်ရွက်"ဆိုတဲ့ စကားရပ်ကလေး ကျွန်တော်တို့ ထည့်လိုက်ပါတယ်။ အပိုဒ် ၁၉ မှာလည်းပဲ မီးသတ် ဦးစီးမှူး၏ သဘောထားရယူရမည် ဆိုတဲ့ နေရာမှာလည်း "ရယူဆောင်ရွက်ရမည်"ဆိုပြီး ကျွန်တော်တို့ ဖြည့်ဖို့ သဘောတူလိုက်ကြပါတယ်။

အပိုဒ် ၂၁ မှာ ပိုပြီးတော့ စကားရပ်ပြည့်စုံသွားအောင် မြို့နယ်မီးသတ်ဦးစီးမှူးသည် မီးလောင် မှု ဖြစ်ပွားရသည့် အကြောင်းအရင်း၊ မီးလောင်ဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးနှင့် မီးလောင်မှုအတွက် တာဝန်ရှိသူ တို့ကို အမြန်စုံစမ်းစစ်ဆေးတင်ပြရမည်ဆိုတဲ့ စကားရပ်နဲ့ ကျွန်တော်တို့ အစားထိုးသင့်တာကို ကျွန်တော် တို့ သဘောတူကြပါတယ်။

အပိုဒ် ၂၂(က)အနေနဲ့ ပုဂ္ဂိုလ်ရေးဆန်နေလို့ "ဝန်ကြီးသည်" ဆိုတဲ့ နေရာမှာ "ဝန်ကြီးဌာန သည်" ဆိုပြီးတော့ ကျွန်တော်တို့ ပြောင်းလဲပါတယ်။ နောက် အပိုဒ် ၂၃(ဃ)မှာ ကျွန်တော်တို့ (ဃ) အဖြစ် အနေနဲ့ ကျွန်တော်တို့ အသစ်ဖြည့်စွက်တာ ရှိပါတယ်။ ၂၃(ဃ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်း၊ ပြည်ပ စေတနာရှင်များ လှူဒါန်းသည့် ပစ္စည်းနှင့် နည်းပညာအကူအညီများကို မီးဘေးအန္တရာယ်၊ အခြား သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါ ဘေးအန္တရာယ် သို့မဟုတ် ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ် တားဆီးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် စနစ်တကျ အသုံးပြုနိုင်ရန် စီမံခန့်ခွဲ ဆောင်ရွက်ခြင်းလို့ ကျွန်တော်တို့ ထပ်ပြီးတော့ ဖြည့်စွက်သဘောတူကြပါတယ်။

တွေ့ရှိချက် ၇ အနေနဲ့ (ဆ)မှာ အပိုဒ် ၂၃၊ အပိုဒ်ခွဲ(ဃ)ကို ကျွန်တော်တို့ "ဎ"အဖြစ်နဲ့ ကျွန်တော် တို့ ပြောင်းလဲပြီးတော့မှ ဝန်ကြီးဌာနနဲ့ ဗဟိုအဖွဲ့က ဆိုပြီးတော့ ရှေ့နောက် ပြန်ပြီးတော့ ရွှေ့လိုက်ပါ တယ်။ ဗဟို အဖွဲ့နဲ့ ဝန်ကြီးဌာနက ဆိုပြီး ကျွန်တော်တို့ ရွှေ့လိုက်ပါတယ်။

နောက် အပိုဒ် ၂၇ မှာ မီးသတ်ယာဥ်များအား တာဝန်ရှိသူမှအပ ဆိုပြီးတော့ "တာဝန်ရှိသူမှ အပ"ဆိုတဲ့ စကားလုံးဟာ ပိုနေတဲ့အတွက်ကြောင့် မီးသတ်ယာဥ်များကို လမ်းပိတ်ဆို့ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်းဆိုပြီးတော့ တိတိကျကျဖြစ်အောင် "တာဝန်ရှိသူမှ အပ"ကို ကျွန်တော်တို့ ဖြုတ်လိုက်ပါတယ်။ အပိုဒ် ၂၉ မှာလည်းပဲ မီးလောင်ပြင် နေရာရှိ ဆိုသည့် စကားရပ် မီးလောင်ပြင် နေရာ၏ သတ်မှတ်ထားသော ဧရိယာအတွင်းရှိဆိုပြီးတော့ ပိုတိကျအောင် ကျွန်တော်တို့ ဖြည့်စွက်ပါတယ်။

နောက် အပိုဒ် ၃၀ က အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခြင်း မပြုရဆိုပြီးတော့ (၂)ခုပါနေတဲ့အတွက်ကြောင့် သီးသန့်မီးသတ်တပ်ဖွဲ့ကို သီးခြား ပုဒ်မတစ်ခုမှာ ထည့်မှာ ဖြစ်တဲ့အတွက်ကြောင့် အရန်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း မပြုရဆိုပြီး စကားနဲ့ ပြင်ဆင်ဖို့ သဘောတူပါတယ်။ အဲဒီမှာ အပိုဒ် ၃၁ မှာတော့ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက် မရရှိဘဲ သီးသန့် မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း မပြုရဆိုပြီးတော့ သီးသန့်မီးသတ်တပ်ဖွဲ့ကို သီးခြားအပိုဒ် ထည့်ဖို့ ကျွန်တော်တို့ သဘောတူပါတယ်။

နောက် အပိုဒ် ၃၂ မှာ ဖော်ပြထားတဲ့ ငွေကြေးတစ်စုံတစ်ရာကို အဂတိလိုက်စားသော နည်းဖြင့်သော်လည်းကောင်း၊ မသမာသောနည်းဖြင့်သော်လည်းကောင်း ရယူခြင်းမပြုရဆိုပြီး ကျွန်တော်တို့ စကားရပ်တွေ ပိုနေတဲ့အတွက်ကြောင့် တိကျသွားအောင် ငွေကြေးတစ်စုံတစ်ရာကို ရယူခြင်းမပြုရဆိုပြီး တော့ ကျွန်တော်တို့ ဖြည့်စွက်ဖို့ သဘောတူလိုက်ပါတယ်။ နောက် ၁၈ အနေနဲ့ ပုဒ်မ နံပါတ်ပြောင်းခဲ့တာ ဖြစ်ပါတယ်။ ဒါ အပြစ်ဒဏ်နဲ့ ပုဒ်မ နံပါတ်တွေ ကျွန်တော်တို့ ပြင်လိုက်တာ ရှိပါတယ်။

နောက် ပြစ်ဒဏ်မှာ (၇)နှစ်အထိ ထောင်ဒဏ်ကို ကျွန်တော်တို့ (၁၀)နှစ်အထိ ဆိုပြီးတော့ ပြင်ခဲ့ပါတယ်။ နောက် အပိုဒ် ၄၂ ကိုလည်း ၄၀ အဖြစ်နဲ့ ပြောင်းပြီးတော့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁ အရ ဆိုတဲ့ စကားလုံးဟာ မှားနေတဲ့အတွက်ကြောင့် ရေးထုံးမှန်ရအောင် ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ဆိုပြီးတော့ ပြင်လိုက်ဖို့ ကျွန်တော်တို့ သဘောတူကြပါတယ်။ နောက် ၁၉၆၃ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေအရ ဆိုတဲ့ စကားရပ်ကို မီးသတ်တပ်ဖွဲ့ဥပဒေ၊ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၂/၁၉၆၃ အရဆိုပြီးတော့ ကျွန်တော်တို့ ပြင်ဖို့သဘောတူညှိနှိုင်းချက် ရရှိပါတယ်။

အပိုဒ် ၄၅၊ အပိုဒ် ၄၃ ကို ကျွန်တော်တို့ ပြောင်းပါတယ်။ ၁၉၆၃ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေနှင့် ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေအရ ဆိုတဲ့ စကားရပ်ကို မီးသတ်တပ်ဖွဲ့ဥပဒေ၊ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၂/၁၉၆၃ နှင့် မီးသတ်တပ်ဖွဲ့ဥပဒေ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၁၉၉၇ အရ ဆိုပြီးတော့ ကျွန်တော်တို့ ပြောင်းလဲဖို့ သဘောတူကြပါတယ်။

နောက် အချက် ၉ အနေနဲ့ ကျွန်တော်တို့ အပိုဒ် ၄၆(က)နဲ့ (ခ)ကို အပိုဒ် ၄၄ (က)နဲ့(ခ)ဆိုပြီး ကျွန်တော်တို့ ပြောင်းပါတယ်။ ဒါလည်း အခြေခံဥပဒေပုဒ်မ ၉၇(က)အရ ပြောင်းလိုက်တာဖြစ်ပါတယ်။ နောက် အပိုဒ် ၄၄ ၏ ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် (က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဥ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ (ခ) ဗဟိုအဖွဲ့ ဝန်ကြီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်၊ ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဆိုပြီးတော့ ကျွန်တော်တို့ ထည့်သွင်းဖို့ ညှိနှိုင်းသဘောတူပါတယ်။

နောက်ဆုံးအချက်ဖြစ်တဲ့ အချက်(၁၀)ဖြစ်ပါတယ်။ ဒါတည်ဆဲဥပဒေအရ ယင်းဥပဒေတွေကို ရုပ်သိမ်းဖို့ ဖြစ်ပါတယ်။ ဒါ အခြေခံဥပဒေအရ ဆောင်ရွက်ခြင်း ဖြစ်ပြီးတော့ ကျွန်တော်တို့ ပြင်ဆင်ပြီး ရေးသားတာ ရှိပါတယ်။ ဥပဒေအရေးအသား မှန်ကန်ရအောင် မူလဥပဒေ ၄၇ ကိုလည်း ၄၅ နဲ့ ပြောင်းပြီး တော့မှ ကျွန်တော်တို့ အမှတ်စဉ်လိုက်ပါတယ်။ ပြီးတော့မှ စကားရပ်တွေ ပြင်ဖို့ တွေ့တဲ့အတွက်ကြောင့် စကားရပ်တစ်ချို့ပြင်ပါတယ်။ အဲဒီတော့ မီးသတ်တပ်ဖွဲ့ ဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥပဒေအမှတ် ၁/၁၉၉၇ ခုနှစ်ကို ဤ ဥပဒေနှင့် ရုပ်သိမ်းလိုက်သည်ဆိုတဲ့ စကားရပ်ကို ကျွန်တော်တို့ အစားထိုးသင့်တာတွေ့ကြောင်း သဘောတူညီမှု ရရှိပါတယ်။

နောက် မလိုတဲ့အပိုဒ်တွေမှာ ကျွန်တော်တို့ ပယ်ဖျက်လိုက်ပါတယ်။ အပိုဒ် ၂(ည)၊ အပိုဒ် ၁၃၊ နောက် ၁၃(ခ)၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ ဒါတွေလည်း ကျွန်တော်တို့ ပယ်ဖျက်သင့်တယ်လို့ တွေ့တဲ့အတွက် ကြောင့် ပယ်ဖျက်ပါတယ်။

ကော်မတီရဲ့ သဘောထားမှတ်ချက်ကတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီဟာ ဒီ ဥပဒေ တွေကို ကျွန်တော်တို့ ဒီ ဥပဒေကြမ်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနက တာဝန်ရှိတဲ့ ပုဂ္ဂိုလ် တွေနဲ့ အသေးစိတ်တွေ့ဆုံညှိနှိုင်းပြီး ဖြစ်တဲ့အတွက်ကြောင့် အမျိုးသားလွှတ်တော်ကနေ အတည်ပြုပေးပါ လို့ ဥပဒေကြမ်းကော်မတီကိုယ်စား လွှတ်တော်ကို လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ် တပ်ဖွဲ့ ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၂၄-၁၁-၂၀၁၄ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်း နိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၁) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၂) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]